ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့ (19-2-2009) (၃၉၃၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ် ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေး၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ် မောင်မောင်အုန်းနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်း တပ် ဦးစီးချုပ် General Anupong Paojinda ဦးဆောင် သော ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့နှင့်အတူ ပြည် ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ် ကြီး မစ္စတာ ဘန်စန်းဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စား လှယ်အဖွဲ့အား နေပြည် တော်ရှိ ဘုရင့်နောင် ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၁၉-၂-၂၀၀၉
(ကြာသပတေးနေ့)

နိုင်ငံနှင့်ဒေသအကျိုး သယ်ပိုးထမ်းဆောင် အရည်အသွေးမြင့်မားလူငယ်များ ပြုစုပျိုးထောင်

နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံသူ၊ နိုင်ငံသား တစ်ဦးချင်းစီ၏ အသိဉာဏ်မြင့်မားမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ လုံ့လဝီရိယ စိုက်ထုတ်ကြိုးစားမှုတို့အပေါ်တွင် မူတည်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခွင့်အလမ်းများ၊ ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်၍ အရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အစိုးရက ပညာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ ခေတ်မီကွန်ရက်စနစ်များကို စီမံဖြည့်ဆည်း တည်ဆောက်ပေးလျက်ရှိရာ ကျေးလက်နှင့်မြို့ပြ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တစ်ပြေးညီ ဖြစ်ထွန်းလာနေပြီဖြစ်သည်။ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခုတွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ အသီးသီး တည်ရှိနေသဖြင့် တိုင်းရင်းသားလူငယ်များအနေဖြင့် အဆင့်မြင့်ပညာရပ်များကို လက်လှမ်းတမီ သင်ယူနေနိုင်ကြပြီဖြစ်သည်။

ပညာရေးကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် မျက်မှောက်ကာလတွင် ဆရာ၊ ဆရာမများ၏ အရည်အသွေး၊ ဝါသနာ၊ စေတနာနှင့် ဝီရိယစိုက်ထုတ်မှုတို့သည် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးတွင် အဓိကအထောက်အကူပြုနေသည်။ မိမိတို့၏ တပည့်များအား ခေတ်နှင့်လျော်ညီသည့် နည်းပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများအပြင် အတွေးအခေါ် အသိအမြင် ဗဟုသုတများ ပြည့်စုံစေရေးတို့အတွက်လည်း စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြား ပေးကြရမည်ဖြစ်သည်။

တပည့်ကျောင်းသား၊ ကျောင်းသူများအား ပညာရည်မြင့်မား ထူးချွန်ထက်မြက်ရုံသာမက အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး မြန်မာ့လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် အလုပ်အကျွေးပြုလိုသည့် စာရိတ္တပညာကောင်းမွန်သော လူငယ်များဖြစ်လာစေရေး ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့်လည်း မိမိတို့တာဝန်ကျရာ ဒေသအလိုက် တိုင်းရင်းသားလူငယ်များအား အဆင့်မြင့် ပညာရပ်များကို ဖြန့်ဝေသင်ကြားပို့ချရင်း နယ်မြေဒေသ၏ လူမှုစီးပွားရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများစသည့် ရပ်ကျိုး၊ ရွာကျိုး ဒေသအကျိုးပြု လုပ်ငန်းများတွင် ပါဝင်သယ်ပိုး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများအားလုံးက အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်နှင့်အညီ မျိုးဆက်သစ် လူငယ်များအား ဘက်စုံကဏ္ဍစုံက လေ့ကျင့်သင်ကြား ပြုစုပျိုးထောင်ပေးခြင်းဖြင့် ပညာပြည့်ဝနှလုံးလှသည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖြစ်ထွန်း ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုသင်တန်းကျောင်း(သာဂရ)၌ သင်ကြားရေးဆိုင်ရာစက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် လွှဲပြောင်းလက်ခံမည့် အစီအစဉ်များ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား Korea International Cooperation Agency (KOICA) မှ Mr. Cho Kwang Geol ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် Korea International Cooperation Agency တို့ ပူးပေါင်း၍ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော စက်မှုသင်တန်းကျောင်း(သာဂရ)၌ ကိုရီးယားသမ္မတနိုင်ငံမှပေးပို့သည့် သင်ကြားရေးဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုနှင့် သင်တန်းကျောင်းအား လွှဲပြောင်းလက်ခံမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တွေ့ဆုံ

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး စိုးသိန်းအား Korea International Cooperation Agency (KOICA) မှ Mr. Cho Kwang Geol နှင့်အဖွဲ့ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး မြန်မာ-ဆိုင်ကလုန်း နာဂစ် ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ-ဆိုင်ကလုန်းနာဂစ်ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကြီးမှူး၍ မိတ်ဖက်အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ပူးပေါင်းကျင်းပသော မြန်မာ-ဆိုင်ကလုန်းနာဂစ် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (Myanmar : Cyclone Nargis Partnership Meeting)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအောက်ရှိ ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် လေဘေးသင့်ဒေသများ၌ ပြည်သူ့ကျန်းမာရေး အထူးကျွမ်းကျင်သူများအား သက်ဆိုင်ရာ ဒေသအလိုက် တာဝန်ချထား၍ အလေးထားဆောင်ရွက်ခဲ့မှုများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပ လူမှုရေး အသင်းအဖွဲ့များနည်းတူ လေဘေးသင့်ဒေသရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေ၊ IFRC Regional Office မှ Mr. Alan Harold Bradbury၊ IFRC Myanmar Delegation မှ Head of Delegation Mr. Bernd Schell၊ ICRC မှ Head of Delegation Mr.Georges Paclisanu နှင့် IFRC Regional Office မှ Regional Organizational Delegate Mr. Malcolm John Mckinlay တို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နိုင်ငံတကာ ကြက်ခြေနီဖယ်ဒရေးရှင်းနှင့် နိုင်ငံတကာ ကြက်ခြေနီနှင့်လခြမ်းနီအသင်းမှ တာဝန်ရှိသူများ၊ နိုင်ငံတကာလူမှုရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များသည် နာဂစ်လေဘေးဆိုင်ရာလုပ်ငန်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ကျင်းပသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) က ကြီးမှူးကျင်းပသည့် ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၁ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် ပင်မဆောင်ရှိ အခန်း(၂၀၅)၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်မြင့်က "Essential Wireless Skill & Knowledge" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သည်။

သတင်းအချက်အလက် နည်းပညာရပ်များနှင့်အတူ တိုးတက်ပြောင်းလဲလာသော အဆင့်မြင့် ဆက်သွယ်ရေးစနစ်များမှ ကြိုးမဲ့ (Wireless) ဆက်သွယ်ရေးစနစ်များနှင့် ပတ်သက်၍ သိသင့်သိထိုက်သော သဘောတရားများ၊ ကွဲပြားခြားနားသော IEEE Wireless Standard များ အပါအဝင် ဂရုပြုအလေးထားမှု နည်းပါးသော ကြိုးမဲ့လုံခြုံရေးစနစ်များ၊ မိမိ၏ ကြိုးမဲ့ကွန်ရက်အား အကာအကွယ်ပြုသင့်ပုံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းဝင်များ၊ Software Developer များ၊ ကွန်ပျူတာပညာ လေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ရုံးခန်း၊ အဆောင်(၄) အခန်း(၄) ဖုန်း - ၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃၂) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျင်းပရာ တတိယတန်းမှ ထူးချွန်ဆုရ မရတနာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနီ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ရက္ခဖေဒမိသားစု အာစရိယပူဇော်ပွဲ ရက်ပြောင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒမိသားစုနှင့် စာသင်နှစ်အသီးသီးမှ ရုက္ခဗေဒဘာသာရပ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများက အသက်(၆၅)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်(စနေနေ့) တက္ကသိုလ်များဓမ္မာရုံအစား ဖေဖော်ဝါရီ ၂၇ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC)ခန်းမ၌ ပြောင်းလဲ ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့်ပစ္စည်းများကို ရန်ကုန်တက္ကသိုလ် ရုက္ခဗေဒဌာန ဖုန်း-၅၃၅၀၃၀၊ ပါမောက္ခ ဒေါက်တာကျော်ကျော်ခေါင်(ဌာနမှူး) ဖုန်း-၀၉၅၀၁၀၂၄၈၊ ပါမောက္ခဒေါက်တာ အေးဖေ(ယာယီဌာနမှူး) ဖုန်း-၀၉၅၀၁၀၃၃၀၊ တွဲဖက်ပါမောက္ခ ဦးဟန်အေး ဖုန်း-၀၉၅၀၀၅၀၃၇၊ ပါမောက္ခဦးစောဝင်း (ပါမောက္ခချုပ်၊ ငြိမ်း) ဖုန်း-၀၉၈၅၈၆၁၃၈၊ ပါမောက္ခဒေါက်တာဦးဝင်း (ပါမောက္ခချုပ်၊ ငြိမ်း) ဖုန်း-၀၉၈၅၈၁၂၉၃၊ ဦးကျော်ခင် ဖုန်း-၅၀၁၄၄၂၊ ၀၉၉၉၂၁၂၂၅၊ ဦးဇော်ဝင်း ဖုန်း-၃၈၈၄၅၀၊ ၀၉၅၀၀၆၅၉၈၊ ဦးမျိုးအောင် ဖုန်း- ၇၀၆၀၈၂၊ ၀၉၈၀၃၄၇၃၉၊ ဦးရွှေဘ ဖုန်း-၆၄၁၇၁၇၊ ၀၉၅၁၄၉၂၇၄ နှင့် အခမ်းအနားကျင်းပမည့်နေ့ (IBC)ခန်းမ အလှူလက်ခံကောင်တာတို့တွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ ညနေ၆နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ တပ်မတော် အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်း ဘွန်နတ်ခ်၊ စစ်သံမှူး Colonel Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda နှင့်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ဖျော်ဖြေတင်ဆက်

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

နှုတ်ဆက်အားပေး

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda က ဧည့်ခံဖျော်ဖြေကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

ယခင် မိတ္ထီလာဒေသကောလိပ် (၁၉၇၇-၁၉၈၁) ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ယခင်မိတ္ထီလာဒေသကောလိပ်၌ ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ယခုနှစ် မေ ၂ ရက်တွင် မိတ္ထီလာမြို့ ဆုတောင်းပြည့်သာသနာ့ဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယခင်မိတ္ထီလာဒေသကောလိပ်၌ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ၁၉၇၇ ခုနှစ်မှ ၁၉၈၁ ခုနှစ်အတွင်း ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုပါက ဒေါက်တာရဲအောင် ဖုန်း-၀၆၄-၂၅၆၅၃ နှင့် ဦးခင်မောင်ဆွေ ဖုန်း-၀၆၄-၂၃၃၈၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဒေါက်တာရဲအောင် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၅၆၅၃၊ ဒေါက်တာနေမျိုး (မန္တလေး) ဖုန်း-၀၂ ၃၉၅၀၄၊ ၀၉ ၅၁၄၁၇၄၅၊ ဦးတင်ရွှေ (မန္တလေး) ဖုန်း-၀၉၂၀ ၀၂၇၀၄၊ မန္တလာဦးစိုးမြင့် ဖုန်း-၀၉၂၀ ၀၄၇၇၇၊ ၀၁-၆၅၅၂၄၂၊ ဗိုလ်မှူးမောင်မောင် (ငြိမ်း) (ရန်ကုန်) ဖုန်း-၀၁ ၆၄၃၉၄၃၊ ၀၉ ၅၀ ၆၃၇၈၄၊ ဒေါ်မို့မို့အောင် (ရန်ကုန်) ဖုန်း-၀၁-၅၄၈၂၉၀၊ ၀၉၅၀၁၁၈၈၁၊ ဒေါ်ခင်မြနွယ်(ရန်ကုန်) ဖုန်း-၀၁-၅၄၈၀၄၈၊ ၀၉၅၂ ၀၁၀၇၉၊ ဦးစိုးအောင် (ရန်ကုန်) ဖုန်း-၀၁ ၅၇၁၇၈၀၊ ၀၉၈၀ ၂၀၄၁၈၊ ဦးခင်မောင်ဆွေ(မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၃၈၅၊ ၀၉၂၂၀၁၃၉၄၊ ဦးစောနိုင်ထွန်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၂၆၆၊ ၂၃၆၄၄၊ ဦးမြင့်မောင်အေး (လ/ထညွှန်မှူး၊ဆည်မြောင်းစက်မှု၊ မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၀၇၆၊ ၀၉ ၂၂၀၁၄၂၂၊ ဒေါက်တာဇော်လင်း (မိတ္ထီလာ) ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၅၉၀၃၊ ဦးဝင်းတင် (မိတ္ထီလာတက္ကသိုလ်) ဖုန်း-၀၆၄-၂၅၁၂၃၊ ၀၉ ၂၀၁၅၁၆၄၊ ဦးလှမြင့် (မိတ္ထီလာ) ဖုန်း-၀၆၄-၂၄၀၇၈၊ ၀၉ ၅၀၆၈၈၃၃ နှင့် ဒေါ်ဂျိုင်းအေးမာမြင့် ဖုန်း-၀၆၄-၂၃၈၀၀၊ ၂၆၁၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၂-၂-၂၀၀၉)ရက်နေ့
၂၀၀၉ ခုနှစ် မတ်လအတွက်
(၈-၃-၂၀၀၉) ရက်နေ့
နှင့်
(၂၉-၃-၂၀၀၉) ရက်နေ့

ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၅ရက်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ဘက်စုံထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို အဆိုပါ ကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင် ပထမတန်း(က)မှ အင်္ဂလိပ်စာ ထူးချွန်ဆုရရှိသူ မပိုးသဒ္ဒါမင်းဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၉ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅ “ခန္ဓာလေ့တွင်ရိက္ခာတင်”တရားတော် အရှင်ဥတ္တရ(ကျိုက်ဒေးယျံဆရာတော်)
၇း၅၀ - ၁း၅၀ Activities In The City (547ဈေးရောင်းပွဲတော်)
၇း၅၅ - ၁း၅၅ တေးဂီတအစီအစဉ်
၈း၀၀ - ၂း၀၀ အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်
၈း၁၅ - ၂း၁၅ အနုပညာမိုးကောင်းကင်
၈း၄၀ - ၂း၄၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ရေပုတ်သင်မွေးမြူရေး)
၉း၀၀ - ၃း၀၀ တေးဂီတအစီအစဉ်
၉း၀၅ - ၃း၀၅ တိုးတက်လာသော IT ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်သော
၉း၁၅ - ၃း၁၅ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀ ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ
၉း၅၀ - ၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅ သာယာရွှေပြည် ဒို့နေပြည် (ဖြိုးငွေစိုး၊အောင်ရဲလင်း၊မော့စ်၊ဗေလုဝ၊ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီစင်ရော်မောင်မောင်)
၁၀း၄၀ - ၄း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅ မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀ သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁း၁၀ - ၅း၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀ နှစ်ခြိုက်စွာအိပ်ပျော်စေမှာ Lavender
၁၁း၃၀ - ၅း၃၀ တိရစ္ဆာန်လေးတွေမွေးကြမယ် (Excellent Pet Shop)
၁၁း၅၀ - ၅း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀ - ၆း၀၀ ယှဉ်ပြိုင်ရွေးချယ် ရေသူမအလှမယ်
၁၂း၂၀ - ၆း၂၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ချိုချိုမြင့်နှင့်တွေ့ဆုံခြင်း)
၁၂း၄၀ - ၆း၄၀ စက်မှုလယ်ယာကြိုးပမ်းမှုပါ (Head Feed Type Combine Harvester)
၁း၀၀ - ၇း၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သက်ရှိလောက တည်မြဲဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

နိုင်ငံတကာသတင်းမှတ်စု

ထိုင်းနိုင်ငံ၏ ပြည်ပဆန်တင်ပို့မှု ၃၇ ဒသမ ၇၄ ရာခိုင်နှုန်းကျဆင်း

ထိုင်းနိုင်ငံ၏ ပြည်ပဆန်သို့တင်ပို့ရောင်းချမှုမှာ ယခုနှစ် ဇန်နဝါရီလတွင် ၃၇ ဒသမ ၇၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အင်္ဂါနေ့တွင် ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကမ္ဘာတွင် ဆန်အများဆုံးတင်ပို့ရောင်းချသည့် ထိုင်းနိုင်ငံသည် လွန်ခဲ့သည့်နှစ်က အမေရိကန်ဒေါ်လာ ၄၂၁ သန်းတန်ဖိုးရှိ ဆန် ၁ ဒသမ ၀၁ တန်ရောင်းချရပြီး ယခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ ၃၃၁ သန်းတန်ဖိုးရှိ ၆၂၈၇၉၂ တန်သာတင်ပို့ရကြောင်း၊ သို့သော်လည်း ၂၀၀၉ ခုနှစ်၌ ဆန်တန်ချိန် ၈ ဒသမ ၅ မှ ၉ ဒသမ ၅ သန်းထိ ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဟု ကုန်သွယ်ရေးဝန်ကြီးဌာနမှ ယုံကြည်လျက်ရှိကြောင်း ထိုင်းသတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားလူဦးရေ၏ ၄၅ ရာခိုင်နှုန်းမှာ ငှက်ဖျားရောဂါ ဖြစ်ပွားနိုင်သည့် အန္တရာယ်ရှိ

အင်ဒိုနီးရှားနိုင်ငံလူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်မှာ ငှက်ဖျားရောဂါ ကူးစက်မည့်အန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း ဖေဖော်ဝါရီ ၁၆ ရက်က အင်ဒိုနီးရှား ကျန်းမာရေးဝန်ကြီး ဆိတီမာဒီလတ်ဆူပါရီက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ခရိုင်နှင့်မြို့ပေါင်း ၄၉၅ အနက် ၄၂၄ မှာ ငှက်ဖျားရောဂါဖြစ်ပွားလေ့ရှိသော ဒေသများ ဖြစ်သည်။

မာလူကူ၊ မြောက်မာလူကူ၊ ပါပူဝါ၊ အနောက်ပါပူဝါ၊ မြောက်ဆူမတြားနှင့် အရှေ့နူဆာတန့်ဂါရာပြည်နယ်တို့တွင် လူ ၁၀၀၀လျှင် ငါးဦးကျော်နှုန်း၊ နောင်ဂရိုအက်ချ်ဒါရုဆလမ်(အင်အေဒီ)၊ ဘန်ကာဘီလီတန့်၊ ရီယူကျွန်း၊ ဂျမ်ဘီ၊ ကာလီမန်တန်အလယ်ပိုင်း၊ ဆူလာဝေဆီအလယ်ပိုင်း၊ ဆူလာဝေဆီအရှေ့တောင်ဘက်၊ မြောက်နူဆာတန့်ဂါရာ၊ ဂျာဗားအလယ်ပိုင်းနှင့် အနောက်ဂျာဗားပြည်နယ်တို့တွင် လူ ၁၀၀၀ လျှင် တစ်ဦးမှငါးဦးနှုန်း ငှက်ဖျားရောဂါ ဖြစ်ပွားနေကြောင်း ကျန်းမာရေးဌာနက ဖော်ပြသည်။

ဗြိတိန်နိုင်ငံလေဆိပ်တွင် ကိုကင်းနှင့်ဆေးခြောက်များ မှောင်ခိုသယ်ယူလာမှုဖြင့် အဖမ်းခံရသော တောင်အာဖရိကနိုင်ငံ၏ လေကြောင်းလိုင်းပိုင်လေယာဉ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စပိန်ကမ်းလွန်၌ သင်္ဘောငယ် နစ်မြုပ်

စပိန်နိုင်ငံ ကနေရီကျွန်းကမ်းလွန်၌ လူမတန်တဆတင်ဆောင်လာသော သင်္ဘောငယ်တစ်စင်း နစ်မြုပ်မှုကြောင့် မြောက်အာဖရိကမှ တရားမဝင် ရွှေ့ပြောင်းနေထိုင်ရန် ကြိုးပမ်းသူ ၂၁ ဦးထက်မနည်း သေဆုံးကြောင်း၊ သေဆုံးသူအများစုမှာ ကလေးများ ဖြစ်ကြောင်း စပိန်အရေးပေါ်ကယ်ဆယ်ရေးဌာနက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါသင်္ဘောသည် ဖေဖော်ဝါရီ ၁၅ ရက် ည ၇ နာရီက လင်ဇာရိုတီဒေသ တီကီဆီမြို့ ကိုကိုတာရို့စ် အပန်းဖြေစခန်း ကမ်းလွန်မှ မီတာ ၂၀ ခန့်၌ နစ်မြုပ်မှု ဖြစ်ပွားခဲ့သည်။ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကမ်းခြေစောင့်တပ်ဖွဲ့က ခြောက်ဦးကို ကယ်တင်နိုင်ခဲ့ပြီး သေဆုံးသူ ၂၁ ဦး၏ အလောင်းအား ရှာဖွေတွေ့ရှိခဲ့သည်။

ဖိလစ်ပိုင်၌ စစ်ဘေးဒုက္ခသည် ၁၂၄ ဦး သေဆုံး

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် အစိုးရတပ်ဖွဲ့များနှင့် ခွဲထွက်ရေးသူပုန်များအကြား တိုက်ပွဲများဖြစ်ပွားနေသောကြောင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းနေထိုင်သူ ၁၂၄ဦးထက်မနည်းမှာ ဖျားနာခြင်းနှင့် ရေကြောင့်ဖြစ်ပွားသော ရောဂါများဖြစ်ကာ သေဆုံးခဲ့ကြောင်း တနင်္လာနေ့တွင် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သော ဩဂုတ်လမှစ၍ အစိုးရတပ်ဖွဲ့များက သူပုန်များအား ထိုးစစ်ဆင်တိုက်ခိုက်ပြီးနောက် နိုင်ငံတောင်ဘက်ရှိ မြို့အချို့နှင့်ကျေးရွာများကို ခွဲထွက်ရေးမိုရိုအစ္စလာမ့်စ် လွတ်မြောက်ရေးတပ်ဦး(အမ်အိုင်အယ်လ်အက်ဖ်)က တန်ပြန်တိုက်ခိုက်ခဲ့ကြသည်။

အင်္ဂလန်တွင် ရဟတ်ယာဉ် ပျက်ကျ

အင်္ဂလန်နိုင်ငံ ယော့ခ်ရှိုင်းယားဒေသတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်း၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ ရဟတ်ယာဉ်မှူးတစ်ဦးသေဆုံးသည်ဟု ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။

ယင်းသည် ဒွန်ကက်စ်တာဒေသအပြင်ဘက် ဆန့်တရော့လေဆိပ်အနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာနေရာသို့ ယော့ခ်ရှိုင်းယားတောင်ပိုင်းနှင့် ဟမ်ဘာဆိုဒ်ဒေသနှစ်ခုစလုံးမှ မီးသတ်တပ်ဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိလာကြောင်း ယင်းရုပ်သံသတင်းကဖော်ပြသည်။

စုစည်းတင်ပြသူ-စိုးစိုးနိုင်

အာဖဂန်နှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်အနီး နေတိုး၏ ထောက်ပံ့ရေးလမ်းကြောင်းကို ဝင်ရောက်စီးနင်းအပြီး တာလီဘန်တို့ သိမ်းပိုက်ထားသော အမေရိကန် စစ်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၂၄၅ ဦး ရှိပြီ

ဝါရှင်တန် ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံအတွင်းသို့ အမေရိကန်နှင့် အပေါင်းပါများ ကျူးကျော်ဝင်ရောက်သည့် ၂၀၀၃ မတ်လမှစ၍ ၂၀၀၉ ဖေဖော်ဝါရီ ၁၅ ရက်ထိ အီရတ်စစ်ပွဲတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၄၂၄၅ ဦးရှိပြီဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

၎င်းတို့အနက် ရှစ်ဦးမှာ စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသည့် အရပ်သားများဖြစ်သည်။ ၃၄၀၆ ဦးထက်မနည်းမှာ တိုက်ပွဲအတွင်း ကျဆုံးသူများဖြစ်သည်ဟု စစ်ဘက်ဆိုင်ရာ စာရင်းဇယားများက ဖော်ပြသည်။

ထို့ပြင် အပေါင်းပါတပ်ဖွဲ့များမှ ဗြိတိန် ၁၇၈ ဦး၊ အီတလီ ၃၃ ဦး၊ ယူကရိန်း ၁၈ ဦး၊ ပိုလန် ၂၁ ဦး၊ ဘူလ်ဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေးဒိုးငါးဦး၊ ဆလိုဗက်ကီးယားလေးဦး၊ လတ်ဗီးယားနှင့် ဂျော်ဂျီယာ သုံးဦးစီ၊ အက်စ်တိုးနီးယား၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားနှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယား တစ်ဦးစီ အသီးသီး သေဆုံးကြသည်။ **အင်တာနက်။**

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်၌ တာလီဘန်တပ်မှူး သေဆုံး

ကဘူး ဖေဖော်ဝါရီ ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘတ်ဂဟစ်ပြည်နယ်တွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အလိုရှိနေသော တာလီဘန်တပ်မှူးတစ်ဦး သေဆုံးသွားကြောင်း အမေရိကန်နှင့် အာဖဂန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၁၅ ရက်ညပိုင်းက တာ့ခ်မင်နစ္စတန်နယ်စပ်အနီး ကျေးရွာတစ်ခုအား စီးနင်းတိုက်ခိုက်ရာတွင် မူလာ့ချ်ဒတ်စတာဂါနှင့်အတူ စစ်သွေးကြွရှစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။ လွန်ခဲ့သောနိုဝင်ဘာလက အာဖဂန်တပ်ဖွဲ့ဝင် ၁၃ ဦးအား သတ်ဖြတ်မှုအပါအဝင် ဘတ်ဂဟစ်ပြည်နယ် တိုက်ခိုက်မှုများကို နောက်ပိုင်းမှ ကြိုးကိုင်သူမှာ ဒတ်စတာဂါဖြစ်ကြောင်း ၎င်းတို့က ထည့်သွင်းပြောကြားသည်။

ယင်းစီးနင်းတိုက်ခိုက်မှုမတိုင်မီ ဒတ်စတာဂါအား ဖမ်းဆီးရမိခဲ့သည်၊ သို့သော် သမ္မတဟာမစ်ကာဇိုင်းအမိန့်ဖြင့် ၎င်းအား ပြန်လွှတ်ပေးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူက ပြောကြားသည်။ လေကြောင်းတိုက်ခိုက်မှုတွင် ဒတ်စတာဂါအပါအဝင် စစ်သွေးကြွများ သေဆုံးမှုကို အမေရိကန်စစ်ဘက်က အတည်ပြုပြောကြားသော်လည်း တာလီဘန်များက ဝေဖန်ပြောကြားခြင်းမရှိကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ။**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူနန်ပြည်နယ် ရှန်ဂျာဆေးရုံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရသဖြင့် တက်ရောက်ကုသခံနေရသူ လူနာတစ်ဦးအား ရောဂါပျောက်ကင်း၍ ဆေးရုံမှမဆင်းမီ ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်အင်ဂျင်နီယာအား ပါကစ္စတန် စစ်သွေးကြွများ ပြန်လွှတ်

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၁၈

ပါကစ္စတန်လူမျိုး ယာဉ်မောင်း အစောင့်အရှောက်တစ်ဦး၊ တရုတ်လူမျိုး အပေါင်းပါများနှင့်အတူ ဩဂုတ်လအတွင်းက အာဖဂန်နစ္စတန် နယ်စပ်အနီးတွင် ပြန်ပေးဆွဲခြင်းခံခဲ့ရသော တရုတ်ဆက်သွယ်ရေး အင်ဂျင်နီယာအား ငါးလကျော်ကြာ ဖမ်းဆီးထိန်းသိမ်းထားပြီးနောက် ပါကစ္စတန် တာလီဘန်စစ်သွေးကြွများက ပြန်လွှတ်ပေးလိုက်ကြောင်း ပါကစ္စတန်အနောက်မြောက်ဒေသ ဆွစ်တောင်ကြားမှ စစ်သွေးကြွများ၏ ပြောရေးဆိုခွင့်ရှိသူ မွတ်စလင်ခန်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အီရတ်၌ ဗုံးနှစ်လုံးပေါက်ကွဲ နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၈

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် မြို့တော် ဘာကူဘာတွင် ဖေဖော်ဝါရီ ၁၇ ရက်က စားသောက်ဆိုင်တစ်ဆိုင်၏ အပြင်ဘက်၌ ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် နှစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘာကူဘာမြို့ရှိ စည်ကားသော စားသောက်ဆိုင်၌ ရဲတပ်ဖွဲ့များကိုပစ်မှတ်ထား၍ ဗုံးနှစ်လုံး ဖောက်ခွဲခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့်အရပ်သားတစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ခြောက်ဦး အပါအဝင် ၁၀ ဦးဒဏ်ရာရရှိကာ စားသောက်ဆိုင်လည်း ပျက်စီးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ **အင်တာနက်။**

နိုင်ငံတကာသတင်းများ

အမေရိကန်စစ်သင်္ဘောနှင့် ဂျပန်ငါးဖမ်းသင်္ဘော တိုက်မှုဖြစ်ပွား

တိုကျို ဖေဖော်ဝါရီ ၁၈

အမေရိကန် ရေတပ်ဖျက်သင်္ဘော လာဆင်နှင့် တံငါသည်လေးဦး လိုက်ပါပြီး ကျောက်ချရပ်နားကာ ငါးဖမ်းနေသည့် ၁၄ တန်ရှိသော ဂျပန်ငါးဖမ်းသင်္ဘောငယ်တစ်စင်းတို့သည် ဂျပန်နိုင်ငံ အရှေ့ဘက်ကမ်း အမေရိကန်ရေတပ်အခြေစိုက်စခန်းအနီး၌ တနင်္ဂနွေနေ့ ဒေသစံတော်ချိန် ၁၂ နာရီ ၂၅ မိနစ်တွင် မတော်တဆတိုက်မှုဖြစ်ပွားကြောင်း ကမ်းခြေစောင့် အရာရှိများ၏ ပြောကြားချက်များကို ကိုးကားလျက် ကျိုဒိုသတင်းစာက ဖော်ပြသည်။

စစ်သင်္ဘောနှင့် ငါးဖမ်းသင်္ဘော မတော်တဆတိုက်မှုကြောင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရမှု မဖြစ်ကြောင်း၊ ရေထဲသို့လည်း တစ်ဦးတစ်ယောက်မျှ ကျမသွားကြောင်း၊ မတော်တဆတိုက်မှု ဖြစ်ပွားပြီးနောက် အမေရိကန်စစ်သင်္ဘောသည် ယိုကိုဟားမားရှိ အမေရိကန်ရေတပ် အခြေစိုက်စခန်းတွင်းသို့ ဝင်သွားကြောင်း အရာရှိများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အန္တာတိတ်ဒေသအတွင်း ခရီးသည် ၁၀၄ ဦး တင်ဆောင်ကာ အပန်းဖြေခရီး လှည့်လည်စဉ် အာဂျင်တီးနားနိုင်ငံ၏ အပန်းဖြေစခန်းအနီး သောင်တင်သွားသော ဗဟားမားမှတ်ပုံတင် အိုရှင်းနိုဗာသင်္ဘောကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လမ်းမှန်နဲ့ ပိုပြီးဝေးသည်ထက်ဝေးသွားမှာ စိုးရိမ်မိပါသည်(၁)

ကျော်ရဲမင်း

၂၀၀၉ခုနှစ်ထဲကိုလှမ်းဝင်လာတာနဲ့ ၂၀၁၀ပြည့်နှစ်ကိုရောက်ဖို့ တစ်နှစ်ပဲလိုပါတော့လားလို့ တွေးမိပြီး ကျွန်တော်တို့ ဝမ်းသာအားရဖြစ်မိတာအမှန်ပါ။ ၂၀၁၀ပြည့်နှစ်ထဲမှာ ကျွန်တော်တို့ပြည်သူအားလုံး မျှော်လင့်စောင့်စားနေကြတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပမယ်၊ အရွေးချယ်ခံပြည်သူ့ကိုယ်စားလှယ်တွေ ပေါ်ထွက်လာတော့မယ်၊ အလားတူ အခြေခံဥပဒေနှင့်အညီ လွှတ်တော်တွေပေါ်လာတော့မယ်၊ အနှစ်နှစ် အလလက မျှော်မှန်းတောင့်တခဲ့ရတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီကို အောင်မြင်စွာခြေလှမ်းဝင်နိုင်တော့မယ်ဆိုတဲ့ အတွေးနဲ့ပါ။

ကျွန်တော်တို့ပြည်သူတွေဘက်က အဲဒီလို မျှော်လင့်စောင့်စားပြီး ပျော်ရွှင်တက်ကြွနေပေမယ့် အစိုးရဆန့်ကျင်ရေး အုပ်စုတွေဘက်ကတော့ မိုးဦးကျဖားတွေလိုပဲ အော်သံ၊ ဟစ်သံတွေ ပိုပြီးညံလာတာကို သတိပြုမိပါတယ်။ သူတို့အတွက်ကတော့ ၂၀၀၉ကို ခြေချလိုက်တာနဲ့ ၂၀၁၀မှာ ပြည်သူရဲ့ အဆုံးအဖြတ်ခံယူမှုနဲ့ ရင်ဆိုင်ရဖို့ သိပ်ကိုနီးကပ်လာပြီဆိုပြီး ချောက်ချားတုန်လှုပ်နေကျဟန်တူပါရဲ့။

NLD အနေနဲ့ ဇန်နဝါရီလ ၄ ရက်နေ့မှာ အထူးကြေညာချက် ၁/၀၁/၀၉ဆိုတာကို ထုတ်ခဲ့ပါတယ်။ ၁-၁-၀၉ရက်နေ့ ကျင်းပတဲ့ CEC အစည်းအဝေးဆုံးဖြတ်ချက်အရ NLDနဲ့ အခြားနိုင်ငံရေးပါတီ(၇)ခုတို့ ပူးပေါင်းပြီး ဒေါ်စုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးပါဆိုပြီး တောင်းဆိုတာပါပဲ။ အဲဒီလို တောင်းဆိုပြီး မကြာခင်မှာ ကြေညာချက်အမှတ် ၂/၀၁/၀၉ ဆိုတာထပ်ပြီး ထွက်လာပြန်ပါတယ်။ အဲဒီမှာလည်း NLD နဲ့ နိုင်ငံရေးပါတီ (၇)ခုတို့က ရှေ့ကကြေညာချက်ပါ နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးဖို့ ကြေညာချက်အပေါ် တိုင်းသူပြည်သူများက ဝိုင်းဝန်းထောက်ခံကြရန် တိုက်တွန်းနှိုးဆော်လိုက်ပါတယ်ဆိုပြီး လှုံ့ဆော်လိုက်တာပါပဲ။ မိမိပါတီရဲ့ အကျိုးစီးပွားအတွက် ဆန့်ကျင်ပုတ်ခတ်တောင်းဆိုကြရာကနေ ပြည်သူကိုပါ စည်းရုံးသွေးထိုး လှုံ့ဆော်လာတဲ့ အနေအထားအထိ နယ်ကျွံလာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်။

အဲဒီနောက်မှာ NLD CEC က ဘယ်လိုညွှန်ကြားချက်တွေရှိပြီး ဘယ်လိုခြေလှမ်းပြင်နေတယ်ဆိုတာ မသိနိုင်ပေမယ့် NLD မိတ္ထီလာခရိုင်အတွင်းရေးမှူးဆိုသူ အမျိုးသမီးကတော့ "ဗဟိုရဲ့ ညွှန်ကြားချက်နဲ့ကိုက်ညီအောင်ဆိုတဲ့ သဘောနဲ့ ကျွန်မတို့က သူတို့ရဲ့သဘောထားလက်မှတ်တွေကောက်ခံနေပါတယ်" လို့ ပြောသွားတာကို ဘီဘီစီကနေ ကြားလိုက်မိပြန်ပါတယ်။ မင်းကိုနိုင်တို့အုပ်စုရဲ့ Signature Campaign လမ်းကြောင်းကို ပြန်ဖော်ဖို့ သွေးတိုးစမ်းလာတဲ့ အနေအထားပါ။ ဒီလို မိမိပါတီရဲ့ကြေညာချက်အပေါ် လူထုက ဝိုင်းဝန်းထောက်ခံဖို့ လှုံ့ဆော်တာကိုတောင်မှ ရိုးရိုးသားသားဆောင်ရွက်ခြင်းမပြုဘဲ လျှပ်စစ်မီးနဲ့ သောက်သုံးရေကိစ္စကို ခုတုံးလုပ်ပြီး ပြည်သူကို မျက်လှည့်ပြဖို့ မရိုးမသားကြံစည်လာတာကို တွေ့ရပါတယ်။

"ပြည်သူလူထုခံစားနေရတဲ့ အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်မီးနဲ့သောက်သုံးရေ အပြည့်အဝရရှိရေးအတွက် ကျွန်မတို့ မိတ္ထီလာမြို့မှာရှိတဲ့ ပြည်သူလူထုက လက်မှတ်ရေးထိုးပြီး တောင်းဆိုပါတယ်ပေါ့နော်။ ဒါနဲ့ပတ်သက်ပြီး လျှပ်စစ်မီးနဲ့သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်အစိုးရမှ လုပ်ဆောင်ပေးပါရန် အကြံပြုတင်အပ်ပါသည် ဆိုပြီးတော့ အောက်ကနေမှ အမည်နှင့် လက်မှတ်ပေါ့"ဆိုတဲ့ NLD မိတ္ထီလာခရိုင် အတွင်းရေးမှူးဆိုသူ အမျိုးသမီးရဲ့စကားမှာကိုက မိုးလုံးပြည့် မုသာဝါဒတွေပြည့်နေတာကို အားလုံး သတိပြုမိမှာပါ။ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောတတ်သလို လိပ်ကို ကြမ်းပိုးဖြစ်အောင်လည်း ပြောင်းပြန် ပြန်ပြောဖို့ ဝန်မလေးတဲ့ မုသာဝါဒီစစ်စစ်တွေပါပဲ။ ဒီလိုပြောလိုက်ရင် ပြည်သူတွေများ သူတို့ဘက်ပါလာမလား၊ ပြည်သူတွေများ အုတ်အော်သောင်းတင်းနဲ့ လက်မှတ်တွေ ဝိုင်းထိုးကြမလား၊ နောက်ဆုံးတစ်နေ့ သူတို့မျှော်မှန်းတဲ့ ဆူပူအုံကြွမှုကြီးအထိ ဆွဲခေါ်သွားလို့ရနိုင်မှာလားဆိုတဲ့ မျှော်လင့်ချက်တွေပါနေတာ ဖွင့်မပြောလည်း သိသာလှပါတယ်။

ဒါကြောင့်လည်း အဲဒီပါတီနဲ့ ပတ်သက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ကျင်းပတဲ့ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုသတင်းစာရှင်းလင်းပွဲမှာ ပါတီတွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက ပြောခဲ့တာဖြစ်ပါလိမ့်မယ်။ ဦးခင်မောင်ကြီးက ပြောကြားရာမှာ နိုင်ငံရေးပါတီကြီးတစ်ခုအနေနဲ့ ပန်ကြားချက်ထုတ်ပြီး ပြည်သူကို တိုက်ရိုက်လှုံ့ဆော်မှုတွေ လုပ်ဆောင်နေကြောင်း၊ ၂၀၀၉ ခုနှစ်အတွင်းမှာ ဆူပူမှုတွေ ဖြစ်လာအောင် အစီအစဉ်ရှိရှိနဲ့ ကြံစည်နေကြတာတွေလည်းရှိကြောင်း၊ နိုင်ငံနဲ့ပြည်သူ အေးချမ်းတည်ငြိမ်ပြီး ကိုယ့်စီးပွားရေး၊ ကိုယ့်လူမှုရေး၊ ကိုယ့်တိုးတက်ရာ တိုးတက်ကြောင်းတွေကို ပုံမှန်လုပ်ကိုင်နိုင်ဖို့ကိစ္စမှာ မချောမမွေ့ဖြစ်အောင်၊ အထစ်အငေါ့ဖြစ်အောင်၊ မသွားရဲ၊ မလာရဲ၊မလုပ်ရဲ၊ မကိုင်ရဲဖြစ်အောင် ကြံစည်နေတဲ့ အကြံအစည်တွေရှိနေကြောင်း ပွင့်ပွင့်လင်းလင်းပဲ ပြောသွားခဲ့ပါတယ်။ ဒီအတွက် ပြည်ပကနေ ဝင်ရောက်စွက်ဖက်မှုတွေ၊ ပံ့ပိုးကူညီမှုတွေ၊ သွေးထိုးမြှောက်ပင့်မှုတွေလည်း ရှိနေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အဲဒီပါတီကြီးအတွင်းမှာ မှန်မှန်ကန်ကန်နဲ့ ဖြစ်သင့်ဖြစ်ထိုက်တာကို တရားသောနည်းလမ်းနဲ့ အမျိုးသားရေးအမြင်နဲ့ လုပ်ချင်တဲ့ အင်အားစုနဲ့ တွန်းတွန်းတိုက်တိုက် လုပ်စရာရှိလုပ်ပစ်လိုက်မယ်ဆိုတဲ့ အင်အားစုနှစ်စုကွဲနေတယ်လို့ဆိုပါတယ်။ အဲဒီနှစ်စုအနက်က တွန်းတွန်းတိုက်တိုက်လုပ်ချင်တဲ့ အင်အားစုအနေနဲ့ ၂၀၀၉ခုနှစ်ထဲမှာ ပြည်တွင်းမှာ ဆူပူလှုပ်ရှားမှု တစ်စုံတစ်ရာဖြစ်လာရင် လူတွေ လမ်းပေါ်တက်လာအောင် ပဋိပက္ခတွေ ကြီးထွားလာအောင် လှုံ့ဆော်မှုတွေ၊ ကြိုးပမ်းမှုတွေ အမှန်မုချရှိနေပြီဖြစ်ကြောင်း၊ လောလောဆယ် သိနေရတာတွေက သက်ဆိုင်ရာနိုင်ငံတွေက ရန်ပုံငွေတွေ ထည့်ပေးနေတာ၊ အခြားနည်းလမ်းတွေနဲ့ ပံ့ပိုးနေတာတွေရှိနေကြောင်း၊ နိုင်ငံရေးပါတီများအနေ ဖြင့် ပါတီအကျိုးထက် တိုင်းပြည်နှင့်လူထုအကျိုးကို ဦးစားပေးသင့်ကြောင်း ချက်ကျလက်ကျ ပြောသွားတာကိုလည်း မှတ်သားမိပါတယ်။

အဲဒီပါတီကြောင့် ပြည်သူလူထုမှာ စိတ်မချမ်းသာမှု၊ စိတ်နှလုံး မချမ်းမြေ့မှုတွေဖြစ်စေကြောင်း၊ ရွေးကောက်ပွဲဝင်မဝင် အပြတ်မပြောဘဲ နိုင်ငံရေးကစားနေကြောင်း၊ အခိကက ပြည်သူက ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို ပျက်အောင်ဖျက်ပြီး တဇောက်ထိုးလုပ်မယ်ဆိုရင် ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရာ ရောက်ကြောင်း၊ ကွန်မြူနစ်တွေပြောသလို ပထမဖျက်ပစ်၊ ပြီးမှ အသစ်ပြန်တည်ဆောက်၊ အဲဒီလိုလုပ်ချင်တယ်ဆိုရင်လည်း ပြည်သူလူထု မချမ်းမသာဖြစ်ကြရမှာဖြစ်ကြောင်း ယထာဘူတကျကျ သုံးသပ်ဝေဖန်ပြသွားပါတယ်။

ကျွန်တော့်အမြင်ပြောရရင် ဦးခင်မောင်ကြီး ပြောသွားတာတွေအားလုံးဟာ မလွန်ပါဘူး။ သိက္ခာရှိတဲ့ နိုင်ငံရေးပါတီကြီးတစ်ခုက တွဲဖက် အထွေထွေအတွင်းရေးမှူးတစ်ယောက်အနေနဲ့ စကားကို ထိန်းထိန်းသိမ်းသိမ်း ပြောသွားတယ်လို့ ဆိုနိုင်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ဒီထက်ပိုပြီး ပြောစရာအကြောင်းတွေ ရှိနေပါသေးတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူတွေကလည်း မသိမဟုတ်ပါဘူး။ သိသိကြီးနဲ့ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကြောင့် ဇွတ်မှိတ်ပြီး လက်ခုပ်တီးနေသူရှိသလို အရင်ကမသိပေမယ့် အခုသိလာလို့ ကြာကြာဝါးမှခါးမှန်းသိပြီး ထွေးထုတ်အန်ထုတ်ပစ်ခဲ့ ကြသူတွေလည်း များသည်ထက်များလာခဲ့ပါပြီ။

တကယ်တော့ ဦးခင်မောင်ကြီးရည်ညွှန်းတဲ့ နိုင်ငံရေးပါတီကြီးဆိုတဲ့ NLD ဟာ သူတို့အာဏာရရှိရေးအတွက် ဘနဖူးသိုက်တူးဖို့ ကြိုးပမ်းတဲ့ အဆင့်ကို ရောက်နေပါပြီ။ သူတို့မျက်စိထဲမှာ အာဏာကိုပဲမြင်ပြီး ဒီအာဏာ သူတို့လက်ထဲ ရောက်လာအောင် ဘာပဲလုပ်ရလုပ်ရ လုပ်မယ်ဆိုတဲ့ အဆင့်ကိုရောက်နေပါပြီ။ မိမိပါတီရဲ့ အနာဂတ်ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့် ပြည်သူလူထုကိုတောင်မှ လိမ်လည်ဖို့၊ လှည့်ဖြားဖို့၊ ခုတုံးလုပ် အသုံးချဖို့၊ ချနင်းဖို့ ဝန်မလေးတော့ပါဘူး။ ပြည်သူ့ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်တို့ တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်း အောင်မြင်ပြီးမြောက်ခဲ့ကြတဲ့ အမျိုးသားညီလာခံကြီးကိုလည်း နှစ်ပြားမတန်အောင် စွပ်စွဲနှိမ့်ချ ပုတ်ခတ်ခဲ့ကြပါတယ်။ ပြည်သူ ၉၂ဒသမ၄၈ ရာခိုင်နှုန်းရဲ့ တစ်ခဲနက်ထောက်ခံမဲနဲ့ အတည်ပြုလိုက်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း လက်မခံဘူး၊ အသိအမှတ်မပြုဘူး၊ ပြန်ပြင်မယ်၊ ပြန်ဆွဲမယ်စသဖြင့် ကဏ္ဍကောစ တိုက်ပြီး ပြည်သူ့ဆုံးဖြတ်ချက်ကို မထီမဲ့မြင် ပြုခဲ့ကြပါတယ်။ တစ်ခါ ပြည်သူတွေ မျှော်လင့်စောင့်စားနေကြတဲ့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲကိုလည်း စိတ်မဝင်စားဘူး၊ မဝင်ဘူး/ဝင်မယ်၊ စဉ်းစားဦးမယ် စသဖြင့် အမျိုးမျိုး နိုင်ငံရေးကစားပြီး ကိုယ်ကျိုးရှာအမြတ်ထုတ်ဖို့ တိုက်ကွက်ဖော်နေပြန်ပါတယ်။

အခုလည်း နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး တောင်းဆိုတာကို ရိုးရိုးမလုပ်ဘဲ ဆန်းဆန်းလုပ်စတန့်ထွင်ပြီး ပြည်သူတွေကို လိမ်ညာ လက်မှတ်ထိုးခိုင်းဖို့ ကြိုးပမ်းနေပြန်ပါပြီ။ ပြည်သူက ဆူပူမှုတွေ၊ ဆန္ဒပြတာတွေ၊ တောင်းတာတိုက်တာတွေ ဘာတစ်ခုမှ စိတ်မဝင်စားပါဘူး။ဒီပုံစံနဲ့ ရှေ့ဆက်သွားရင် NLD အနေနဲ့ လူထုထောက်ခံမှု လုံးလုံးကျရှုံးရတော့မှာ အသေအချာပါပဲ။ သိရသလောက် NLDဌာနချုပ်မှာ နိုင်ငံရေးအကျဉ်းသား လွတ်မြောက်ရေးအတွက် Signature Campaign လုပ်နေတယ်လို့ဆိုပါတယ်။ လက်မှတ်ရေးထိုးကြတဲ့အထဲမှာ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီနိုင်ငံသံရုံးများက သံတမန်များလည်း ပါဝင်နေတယ်လို့ VOA က လွှင့်သွားတာကို ကြားမိပါတယ်။ ဘယ်သူတွေပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကျွန်တော်တို့ ယနေ့ပြည်သူလူထုကတော့ လုံးဝပါဝင်ပတ်သက်မှာ မဟုတ်ပါဘူး။ သူတို့ရဲ့ လှုံ့ဆော်သွေးထိုးစကားတွေကို နားယောင်မိတဲ့ လူအချို့ကြောင့် တိုင်းပြည်မတည်မငြိမ် ဆူဆူပူပူလှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရတဲ့ ဖြစ်စဉ်တွေကိုလည်း မမေ့ကြသေးပါဘူး၊ တစ်ခါသေဖူး ပျဉ်ဖိုးနားလည် ဆိုသလို ဒီလိုအရည်မရ အဖတ်မရကိစ္စတွေမှာ ကိုယ့်သားကိုယ့်သမီး ကိုယ့်ဆွေကိုယ့်မျိုး မပတ်သက်မိလေအောင် ထိန်းကြရမယ်လို့ အားလုံးကနားလည်ထားပြီး ကြပါပြီ။

အခုလည်း မိတ္ထီလာ NLD အနေနဲ့ ရေကိစ္စ၊ မီးကိစ္စကို အစဖော်ပြီး မလုပ်သင့် မလုပ်ထိုက်တာကို လုပ်လာပြန်ပါပြီ။ အကြံကုန်ဂဠုန်ဆားချက် ဆိုသလို တည်ဆဲအစိုးရအပေါ် ထောက်စရာအပြစ်အနာအဆာကလည်း ကြီးကြီးမားမားမရှိလေတော့ လတ်တလော ရေကိစ္စ၊ မီးကိစ္စကို အခြေခံပြီး လှုံ့ဆော်ရင်တော့ ရကောင်းရဲ့လို့ ရရာကောက်ရိုးတစ်မျှင်ကို ဆွဲကြည့်တဲ့သဘောထင်ပါရဲ့။ သူတို့က ဒီလိုပြောနေပေမယ့် တကယ်တမ်းကျတော့ နိုင်ငံတော်ဘက်ကလည်း လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးကိစ္စတွေကို လျစ်လျူရှုထားခဲ့တာ မဟုတ်ပါဘူး။ အဘက်ဘက်က အားတက်သရော ကြိုးပမ်းဖော်ဆောင်ပေးနေတာ အထင်အရှားပါ။ ဒါတွေကို ကျွန်တော်တို့ ပြည်သူကလည်း သိနားလည်လက်ခံယုံကြည်ထားပြီးသားပါ။ သို့သော် မသိချင်၊ မမြင်ချင်၊ မကြားချင်ယောင်ဆောင်နေတဲ့ မိတ္ထီလာ NLD အပါအဝင် ဆန့်ကျင်ဘက်များအားလုံးကို ကိန်းဂဏန်းအချက်အလက်နဲ့တကွ ခြေခြေမြစ်မြစ် ရှင်းပြချင်ပါသေးတယ်။

ပထမအချက်အနေနဲ့ သောက်သုံးရေ ရရှိရေးအတွက် ဘာတွေလုပ်ပေးခဲ့တယ်၊ ဘာတွေလုပ်ပေးနေတယ်ဆိုတာကို ပြောပါမယ်။ သောက်သုံးရေနဲ့ ဆက်စပ်ပြီး ဦးစွာစိုက်ပျိုးရေ ရရှိရေးအပိုင်းကို ပြောလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ သီးနှံစိုက်စွမ်းအား တိုးတက်လာအောင် ဆောင်ရွက်ရာမှာ ရာသီမရွေး စိုက်ပျိုးနိုင်ရေးအတွက် အဓိကကျလှတဲ့ စိုက်ပျိုးရေ ရရှိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ပြောရရင် ၁၉၈၈ ခုနှစ်မှာ ဆည်တမံပေါင်း ၁၃၈ခုသာ ရှိခဲ့ရာကနေ ၂၀၀၉ခုနှစ် ဇန်နဝါရီလအထိ ဆည်တမံပေါင်း ၂၁၈ခု အသစ်ထပ်မံ တည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် ယခုအခါ ဆည်တမံပေါင်း ၃၅၆ခုအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။ အဲဒီဆည်တမံတွေကနေ ဆည်ရေသောက်ဧရိယာ ဧက ၂ဒသမ၇၈ သန်း(ဟက်တာ ၁ ဒသမ ၁၃သန်း)အထိ အကျိုးပြုနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေ ရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကိုလည်း ဖော်ဆောင်ပေးလျက်ရှိပါတယ်။ ၁၉၈၈ခုနှစ်မှာ မြစ်ရေတင်စီမံကိန်း ပေါင်းလေးခုသာ ရှိခဲ့ရာကနေ ၂၀၀၉ခုနှစ် ဇန်နဝါရီလအထိ မြစ်ရေတင်စီမံကိန်းလုပ်ငန်းပေါင်း ၃၂၂ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မြစ်ရေတင်စီမံကိန်းများကနေ ရေသောက်ဧရိယာဧက ငါးသိန်း (ဟက်တာ ၂ဒသမ ၀၂ သိန်း)အတွက် အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ မြစ်ရေတင် စီမံကိန်းအပြင် မြေအောက်ရေဖြင့် ရေပေးနိုင်ရေးအတွက်လည်း စက်ရေတွင်းပေါင်း ၄၈၉၃ တွင်း၊ လက်ရိုက်တွင်းပေါင်း ၂၉၇၃တွင်း စုစုပေါင်း ၇၈၇၆တွင်းကို တူးဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် မြေအောက်ရေတွင်းများကနေ ရေသောက်ဧရိယာ ဧက ၉၆၀၀၀(ဟက်တာ ၃၈၈၅၁) ကို ဆက်လက်ရေပေးဝေနိုင်ခဲ့ပြီဖြစ်ပါတယ်။

အချို့သော ဆည်တမံစီမံကိန်းများမှာ ရေသောက်စနစ်များ ပြီးစီးမှု မရှိသေးတဲ့အတွက် အခုဘဏ္ဍာရေးနှစ် အတွင်းမှာ အကျိုးပြုဧရိယာ ဧက ၁ဒသမ ၁၈၉ သန်း (ဟတ်တာ ၀ဒသမ၀၇၆၅သန်း) ရရှိနိုင်ရေးအတွက် နိုင်ငံတော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။ အလားတူ မြစ်ရေတင်စီမံကိန်းနဲ့ မြေအောက်ရေ ရရှိရေးစီမံကိန်းများကိုလည်း တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို စိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်အပိုင်းက တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိတာကြောင့် တောင်သူလယ်သမားများအနေနဲ့ သီးနှံစိုက်စွမ်းအားများ တိုးတက်လာမှာဖြစ်တဲ့အပြင် တစ်ဧကအထွက်နှုန်းများလည်း တိုးမြှင့်လာနိုင်မှာ အသေအချာပါပဲ။ ဒါကြောင့် ၂၀၀၈-၂၀၀၉ခုနှစ်မှာ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတန်ဖိုး ၁ဒသမ၈ဆခန့် တိုးတက်လာအောင် ရည်မှန်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။ သီးနှံထုတ်လုပ်မှုတန်ဖိုး တိုးတက်လာခြင်းဟာ ကျေးလက်နေပြည်သူများရဲ့ တစ်ဦးချင်းဝင်ငွေ မြင့်မားလာစေဖို့ အကြောင်းရင်းခံပဲ ဖြစ်ပါတယ်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မကြည့်ဘဲ မိတ္ထီလာခရိုင် အပါအဝင်ဖြစ်တဲ့ မန္တလေးတိုင်းကိုကြည့်ရင် ၁၉၈၈မတိုင်မီအထိ ဆည်တမံပေါင်း ၆၁ခုရှိခဲ့ပြီး ၁၉၈၈ နောက်ပိုင်းမှာ ၅၂ ခုအထိ ထပ်မံတည်ဆောက် ပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့် မန္တလေးတိုင်းအတွင်း လက်ရှိဆည်တမံအရေအတွက်မှာ ၁၁၃ ခု ဖြစ်ပါတယ်။ ဒါ့အပြင် တည်ဆောက်ဆဲ ဆည်တမံ ခုနစ်ခုနဲ့ တည်ဆောက်ရန် လျာထားချက် ဆည်တမံ ၁၀ ခုကိုလည်း ဆက်လက်အကောင်အထည်ဖော်ပေးသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ မိတ္ထီလာမှာဆိုရင်ကို ညောင်ကုန်းရေလှောင်တမံ၊ လက်ခုပ်ပင်ရေလှောင်တမံ၊ ရှမ်းမငယ်ရေလှောင်တမံ စတဲ့ ရေလှောင်တမံကြီးတွေ တည်ဆောက်ပေးထားပြီး ဖြစ်ပါတယ်။

ဒါ့အပြင် မိတ္ထီလာခရိုင်မှာ မိုးနည်းရေရှားဒေသဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ပုံမှန်မိုးမရရှိပါက စိုက်ပျိုးပြီးသီးနှံများ ပျက်စီးမှုမရှိစေရန်အတွက် မြေအောက်ရေပေးဝေရေးစီမံချက်ကို အထူး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များအတွင်း မြေအောက်ရေ ရရှိနိုင်မှု အလားအလာနှင့် ရေအရည်အသွေး စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ရာမှာ ဖြစ်မြောက်နိုင်စွမ်းရှိတဲ့အတွက် မြေအောက်ရေတွင်းများ တူးဖော်ပြီး ရေပေးဝေရေးကို ဆောင်ရွက်မှာဖြစ်ပါတယ်။ မိတ္ထီလာမြို့နယ်နှင့် သာစည်မြို့နယ်များအတွင်းမှာ မြေအောက်ရေခိုအောင်း ပမာဏဧကပေ ၇၀၀၀၀ ရှိပြီး တူးဖော်မည့်စက်ရေတွင်းပေါင်းက ၈၀၀ ဖြစ်ပါတယ်။ အဲဒီတွင်းပေါင်း ၈၀၀အတွက် ကုန်ကျစရိတ် ငွေကျပ် ၂၇၁ဒသမ၂၆သန်း ကုန်ကျမှာဖြစ်ပြီး ဧက ၁၁၀၀၀ အတွက် အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပေးခြင်းအားဖြင့် စိုက်ပျိုးရေ သေချာလာစေခြင်း၊ ရာသီဥတုဖောက်ပြန်မှုအရ စိုက်ပျိုးရေမလုံလောက်တဲ့ အချိန်မှာ ရေပေးဝေနိုင်ခြင်းနဲ့ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုနိုင်ခြင်းစတဲ့ အကျိုးတွေ ရရှိမှာဖြစ်တယ်လို့ သိရပါတယ်။ ဒါက စိုက်ပျိုးရေ ရရှိရေးအတွက် နိုင်ငံတော်က လုပ်ဆောင်ပေးနေတဲ့ အပိုင်းဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ငံရေးအကျဉ်းသား လွှတ်ပေးရေး တောင်းဆိုတာကို ရိုးရိုးမလုပ်ဘဲ ဆန်းဆန်းလုပ်စတန့်ထွင်ပြီး ပြည်သူတွေကို လိမ်ညာလက်မှတ်ထိုးခိုင်းဖို့ ကြိုးပမ်းနေ. . .။ ပြည်သူက ဆူပူမှုတွေ၊ ဆန္ဒပြတာတွေ၊ တောင်းတာတိုက်တာတွေ ဘာတစ်ခုမှ စိတ်မဝင်စား. . .။ ဒီပုံစံနဲ့ ရှေ့ဆက်သွားရင် NLD အနေနဲ့ လူထုထောက်ခံမှု လုံးလုံးကျရှုံးရတော့မှာ အသေအချာ. . .။

စစ်တွေမြို့နယ် ကြို့တဲကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကြို့တဲကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနားနှင့် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့နယ် ကြို့တဲကျေးရွာ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြို့တဲ၊ ကျောက်တန်းကြီး၊ အမြင့်ကျွန်း၊ ချီလည်ပင်း၊ ပါဒလိပ်နှင့် တောက်တက်ကျေးရွာ ခြောက်ရွာတို့မှ ဒေသခံပြည်သူ ၁၄၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။ ရှေးဦးစွာ ဒေသခံကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးသည် ကြို့တဲကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသောငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းသည်။ ထို့အပြင် ဝန်ကြီးသည် အမြင့်ကျွန်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံအတွက် ငွေကျပ်လေးသိန်း၊ ကျောက်တန်းကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်း အဆောက်အအုံအတွက် ငွေကျပ်လေးသိန်း၊ ချီလည်ပင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်အတွက် ငွေကျပ်လေးသိန်း၊ ပါဒလိပ်ကျေးရွာ စာသင်ကျောင်းဆောင်နှင့် ဆေးပေးခန်းအဆောက်အအုံအတွက် ငွေကျပ်လေးသိန်း၊ တောက်တက်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ်လေးသိန်း စုစုပေါင်းငွေကျပ်သိန်း ၂၀နှင့် ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်က ကြို့တဲကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံလှူဒါန်းပွဲအပြီးတွင် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ပန္နက်တင်မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

အစီအစဉ်အရ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်တို့က သတ်မှတ်နေရာအသီးသီးတွင် နေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဝန်ကြီးသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားသို့ ကွန်းတောင်၊ စပါးထား၊ အိုင်ဒင်၊ ကျွဲထိုး၊ ငှက်ကြီးကျွန်း၊ တန်းခိုး၊ ပဒေသာ၊ တဘက်လှန်း၊ ယာချောင်း၊ အထုပ်သည်၊ ကျော်ဇံနှင့် ရေပေါက်ချောင်း ကျေးရွာ ၁၂ရွာတို့မှ ဒေသခံပြည်သူ ၁၃၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေသခံတာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက တင်ပြချက်များအပေါ် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကွန်းတောင်ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်ရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ငွေကျပ် သိန်း ၃၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးက စပါးထားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ် သုံးသိန်း၊အိုင်ဒင်ကျေးရွာအုပ်စု ညောင်ပင်ရင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်အတွက် ငွေကျပ် သုံးသိန်း၊ ပဒေသာကျေးရွာအုပ်စု ဆင်အင်းကြီးကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အတွက် ငွေကျပ်သုံးသိန်း၊ တန်းခိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ်သုံးသိန်း၊ တဘက်လှန်းကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် ငွေကျပ် သုံးသိန်း၊ အထုပ်သည်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံအတွက် ငွေကျပ် သုံးသိန်း စုစုပေါင်း ငွေကျပ် ၁၈သိန်းကိုလည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ လူသုံးပစ္စည်းများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်က ကွန်းတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် ရခိုင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ငွေကျပ် ငါးသိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

တွေ့ဆုံလှူဒါန်းပွဲအပြီးတွင် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

တွေ့ဆုံပွဲများတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံတော် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာနကလည်း ပြည်သူများအတွက် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် စက်ရုံအသစ် တည်ဆောက်ခြင်း၊ လွှင့်အားမြင့် စက်များ တိုးချဲ့တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် သုတ၊ ရသရုပ်မြင်သံကြား လိုင်းများစွာကို ဒေသခံပြည်သူများက စိတ်ကြိုက်ရွေးချယ်ကြည့်ရှုနိုင်ရန်လည်း ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် အပြီး အကောင်အထည်ပေါ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း သတင်းနှင့် ဖျော်ဖြေရေးကို အပြည့်အဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် FM ရေဒီယို စနစ်ကိုလည်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ဒေသခံပြည်သူများက စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် တင်ပြဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိအနေဖြင့် လိုအပ်သလို ပေါင်းစပ်ဖြည့်ဆည်း တင်ပြဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း စစ်တွေမြို့နယ် ကြို့တဲ၊ ကျောက်တန်းကြီး၊ အမြင့်ကျွန်း၊ ချီလည်ပင်း၊ ပါဒလိပ်နှင့် တောက်တက် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများ၊ စာအုပ်စာစောင်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို ပေးအပ်စဉ်။

(သတင်းစဉ်)

မိမိတို့တိုင်းရင်းသားအားလုံး၏ ဗီဇ ကိုယ်ရည်ကိုယ်သွေးသည် မည့်ကြောင်း၊ အခြားသော လူမျိုးများနှင့် ယှဉ်နိုင်ကြောင်း၊ သို့သော် ထိုကိုယ်ရည်ကိုယ်သွေး အစွမ်းကုန်ပွင့်ထွန်းလာအောင် အစာကျွေးရမည်ဖြစ်ကြောင်း၊ ထိုအစာမှာ စာဖတ်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ထူထောင်ပေးနေခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စာပေဗဟုသုတများ အစဉ်ဖတ်မှတ်လေ့လာရင်း မိမိတို့၏ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် ပြည်သူများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်က အစဉ်ရပ်တည်ရင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု လုပ်ငန်းများနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပန္နက်တင် မင်္ဂလာ အခမ်းအနားတွင် ပန္နက်စိုက်ထူပေးစဉ်။

(သတင်းစဉ်)

Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲ မန္တလေးမြို့၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

HAN Golf Masters Pte.,Ltd. ကစီစဉ်သော Golf Masters မဂ္ဂဇင်း ဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေးမြို့ရှိ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပရာ Golf Masters မဂ္ဂဇင်းဖတ်ရှုသူများနှင့် ဖိတ်ကြားထားသူ စုစုပေါင်း ၁၃၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ အမျိုးသမီးပြိုင်ပွဲ၌ တတိယရရှိသော ဒေါ်မိုးမိုးဝင်း (အသားတင်ရိုက်ချက် ၇၄ ချက်)၊ ဒုတိယရရှိသော ဒေါ်မေလွင် (အသားတင်ရိုက်ချက် ၇၄ ချက်)နှင့် ပထမရရှိသော ဒေါ်ယဉ်ယဉ်(အသားတင်ရိုက်ချက် ၇၄ ချက်)တို့အား Golf Masters မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးဆန်းထွန်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသား H'Cap (၁၇-၂၄)တန်းတွင် ပဥ္စမရရှိသော ကျော်သူ (အသားတင်ရိုက်ချက် ၇၂ ချက်)၊ စတုတ္ထရရှိသော ခင်မောင်ဋ္ဌေး(အသားတင်ရိုက်ချက် ၇၂ ချက်)၊ တတိယရရှိသော စိုင်းအိုက်အောင် (အသားတင်ရိုက်ချက် ၇၁ ချက်)၊ ဒုတိယရရှိသော အောင်အောင်ထွေး (အသားတင်ရိုက်ချက် ၇၀)၊ ပထမရရှိသော ထွန်းနိုင် (အသားတင်ရိုက်ချက် ၇၀)တို့နှင့် အမျိုးသား H'Cap (၀-၁၆)တန်းတွင် ပဥ္စမရရှိသော ဝင်းအောင် (အသားတင်ရိုက်ချက် ၆၉ချက်)၊ စတုတ္ထရရှိသော ကျော်နိုင်ဦး (အသားတင်ရိုက်ချက် ၆၉ချက်)၊ တတိယရရှိသော မြတ်မင်းထွန်း(ရွှေမန်းတောင်) (အသားတင်ရိုက်ချက် ၆၉ချက်)၊ ဒုတိယရရှိသော ကြည်လွင် (MGA) (အသားတင်ရိုက်ချက် ၆၉ ချက်)၊ ပထမရရှိသော ကျော်ကျော်(ရွှေမန်းတောင်) (အသားတင် ရိုက်ချက် ၆၈ ချက်) တို့အား HAN Golf Masters Pte.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှဟန်က ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့အပြင် Nearest to the Pin ဆုရရှိကြသူများ၊ Nearest to the Line ဆုရရှိကြသူများနှင့် Longest Drive ဆုရရှိကြသူများအား Co Sponsorများအဖြစ် ပံ့ပိုးကူညီကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများက ဆုများကိုပေးအပ်ချီးမြှင့်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ကြသော ကစားသမားများအတွက် ကံစမ်းမဲအစီအစဉ်ကို ပြုလုပ်ပေးသည်။

အဆိုပါပြိုင်ပွဲဖြစ်မြောက်ရန်အတွက် HAN Golf Masters Pte.,Ltd. က အဓိကပံ့ပိုးပေးပြီး Srixon,Cleveland, Cross Creek, XXIO,OGAWA, Royal Modern Furniture, Pahtama Group Ltd. (မန္တလေး)၊ Mr.Big (မန္တလေး)၊ C'Care, GP Watch (မန္တလေး)၊ Lucky Drinking Water (မန္တလေး)၊ Dagon Brewery, IBTC, Nivea, Life Line နှင့် Hotel Mandalay တို့က Co Sponsor များအဖြစ် ပါဝင်ကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် HAN Event Management က တာဝန်ယူဆောင်ရွက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့၌ အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသော မော်လမြိုင်မြို့နယ်မှ စားသောက်ဖွယ်ရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ် ပြည်တွင်းအခွန်များဦးစီး ဌာနမှူးရုံး၌ ကျင်းပရာ မွန်ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူး ဦးကိုကိုလတ်က **(အပေါ်ပုံ)** အမှာစကား ပြောကြားပြီး မော်လမြိုင်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးက စားသောက်ဖွယ်ရောင်းချသည့် လုပ်ငန်းရှင်များအား သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြ၍ လုပ်ငန်းရှင် များ၏ မေးမြန်းချက်များကို ပြည်နယ် ပြည်တွင်း အခွန်များ ဦးစီးဌာနမှူးနှင့် ခရိုင်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးတွင် နိဂုံးချုပ် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ အဆိုပါ နှစ်ပတ်လည်အစည်းအဝေးသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နံနက်ပိုင်း သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်သည်။

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ်ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၀၈ ခုနှစ်အတွင်း အမျိုးသမီးရေးရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ)(Micro credit schema) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေးကြပြီး သဘာပတိက လိုအပ်သည်များကို မှာကြားကာ နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသမီးရေးရာအဖွဲ့နာယကများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် သဘာပတိက ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ အဖွဲ့များသို့ လုပ်ငန်းများဆောင်ရွက်နိုင်ရန် အသေးစားမတည်ရင်းနှီးငွေ (ယာယီချေးငွေ) ငွေကျပ် ၁၀ သိန်းစီကို ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကများထံ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးက ချမှတ်သည့် ရှေ့လုပ်ငန်းစဉ် (၁၁)ရပ်၊ ဦးတည်ချက်(၉)ရပ်နှင့် ဆုံးဖြတ်ချက် (၆)ရပ်တို့ကို နှစ်ပတ်လည်အစည်းအဝေးက အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(သတင်းစဉ်)

မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

သံတွဲမြို့နယ် ဒွါရာဝတီဈေးကြီး မီးဘေးအန္တရာယ် မကျရောက်စေရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရခိုင်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်သည် ဖေဖော်ဝါရီ ၄ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကြည်သိန်းနှင့် ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများနှင့် တွေ့ဆုံ၍ မီးလောင်မှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ ကာကွယ်ရန်နည်းစနစ်များကို ရှင်းလင်းဆွေးနွေးပြီး ဈေးအတွင်း မီးဘေးအန္တရာယ် ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများအား စစ်ဆေးခဲ့သည်။**(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အေးသာယာမြို့ အေးသီရိဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို အေးသာယာရုံးခွဲ တာဝန်ခံဦးစီးအရာရှိ ဦးကျော်မိုး ဦးဆောင်သည့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အေးသာယာမြို့ မီးသတ်တပ်ဖွဲ့စခန်းမှူးခန်းမှူး ဦးကျော်ကိုကို ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်အဖွဲ့များ၊ ဈေးသူ၊ ဈေးသားများ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန် ရင်လုံဂေါက်သီးရိုက်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် T &C GROUP Co., Ltd. ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာ ကွင်းသစ် (ပွန်တီကွင်းသစ်)၌ ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲနှင့် ညစာစားပွဲကို ယင်းကွင်းသစ်၌ ညနေ ၆ နာရီခွဲ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Hole in one ဝင်သူအား Light Truck (1Ton)ကားတစ်စီးဆုအဖြစ် ချီးမြှင့်ပေးမည်ဖြစ်ပြီး ဆုရရှိသူများအား TNC ကုမ္ပဏီမှ ထုတ်လုပ်ရောင်းချသည့် မော်တော်ယာဉ်၊ မီးစက်၊ အင်ဂျင်နှင့်ဆက်စပ်ပစ္စည်းများကို သက်တမ်းကာလအထိ အထူးအစီအစဉ်အဖြစ် ရောင်းဈေးမှ လျှော့၍ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် ပြည်တော်သာလမ်း (မြို့ပြလမ်း) ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းအား စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသီဟဖြိုးကျော်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဖြူးမြို့မဈေးကြီး မီးဘေးကာကွယ်ရေးအတွက် မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်လွင်ဦးနှင့် ဦးစီးအရာရှိ ဦးအောင်သန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးမှုအား ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နေပြည်တော်မြန်မာ့အသံ

(သောကြာနေ့- နံနက်+နေ့လယ်+ည)

(၂၀-၂-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၁၅	တရားတော်(ပုဗ္ဗဏှသုတ်) (ဓမ္မပူဇာတေးပဒေသာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	ပြောပါရစေရှင် (တယ်လီဖုန်းကို ပြုံးပြီးပြောပါ)
၈း၄၅	တေးပဒေသာ
၉း၀၀	အစီအစဉ်ပြီး၏။
၁၀း၀၀	သောတရှင်လိုရာတေး
၁၀း၃၀	သတင်းစာအာဘော်
၁၀း၄၀	တူယှဉ်သီကြွေး စုံတွဲတေး
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	လေလှိုင်းကြားက ပွဲတင်သံ
၁၁း၃၅	နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀	စံတော်ချိန် အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
၁၂း၂၀	သိမှတ်စရာမြန်မာစကား မြန်မာစာ(ပုဂံခေတ်အလှူမှတ်တမ်း သုံးခု)
၁၂း၃၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	နေ့လယ်ခင်းသတင်း
၁း၁၀	နေ့လယ်ခင်းတေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (လူနဲ့လောကဓံ)
၄း၃၀	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူ ပြုသင်ခန်းစာ (ဘောဂဗေဒ)
၅း၀၀	စစ်သည်အတွက် တေးလက်ဆောင်
၅း၂၅	တေးပဒေသာ
၅း၃၀	သတင်းစာဆောင်းပါး
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီ တေးပန်းချီ
၆း၄၅	နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၅	ညချမ်းချိန်ခါ တေးပဒေသာ
၇း၂၅	ဇာတ်လမ်းပမာ နားဆင်စရာ (ငပလီအိပ်မက်) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၁၀	အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဂီတပညာရှင် အကယ်ဒမီ စန္ဒရားလှထွဋ်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၉း၀၀	ဆောင်းပါး-သန်းကြွယ်သူဌေးကြီး Donal trump၏ အောင်မြင်မှုကို ရနိုင်သော နည်းလမ်းများ လူမှုရေးဦးတည်ချက် ခံစားနားဆင်မြန်မာ တေးသံစဉ်
၁၀း၀၀	အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ် (၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

(၁၃)ကြိမ်မြောက် အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ (ASEAN Committee on Disaster Management-ACDM)နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၁၃)ကြိမ်မြောက် အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံသဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အခြားပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ Dato' Muhammad Hatta Bin Ab-Aziz တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အာဆီယံ ဒေသအတွင်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် သဘာဝဘေး ဖြစ်ပွားလာပါက ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့် စီမံဆောင်ရွက်ရေးနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြပြီး ၂၀၀၉ ခုနှစ်အတွက် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေရာကို လက်ရှိဥက္ကဋ္ဌ မလေးရှားနိုင်ငံက လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံက လက်ခံရယူသည်။

အဆိုပါ (၁၃)ကြိမ်မြောက် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကော့ကရိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော သဇင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပသည်။

အဆိုပါလမ်းသည် ၁၀၂၇ ပေရှည်ပြီး အကျယ် ၁၄ ပေရှိ စည်ပင်-ပြည်သူ ပူးပေါင်းဆောင်ရွက်ခဲ့သော လမ်းဖြစ်ကြောင်း သိရှိရသည်။ (ခရိုင်ပြန်/ဆက်)

ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲဝင် မြန်မာမြားပစ်အဖွဲ့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ အကပဒေသာ
- ၈း၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၀ ၇။ **"ချောင်းကမ်းဘေးက ရွာကလေး" (ကြီးကို၊ထင်ပေါ်၊နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊သဇင်) (ဒါရိုက်တာ-မြင့်စိုး-ဝ/သ)**
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၂၅ ၉။ ဖြူချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း
- ၈း၃၀ ၁၀။ International News.
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၄း၂၅ ၄။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄း၃၅ ၅။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၅း၀၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၂၀ ၈။ "စွမ်းအားစုံညီကြက်ခြေနီ"
- ၅း၄၀ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "လက်ဖဝါးမှာစာရေးပါ" (အပိုင်း-၁) (စိုးရန်အောင်၊ ဇော်ဇော်အောင်၊ ရဲမွန်၊ သဒ္ဒါထက်၊ တက္ကသိုလ် ဂွမ်းပုံ) (ဒါရိုက်တာ-အောင်ကျော်သူရ)**
- ၆း၅၅ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၁၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၅၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၁)**
- ၁၉။ အစီအစဉ်ပြီး၏။

ပို့ဆောင်ရေး စီမံဖွဲ့စည်းဆောင်ရွက်မှု စွမ်းရည်ပြည့်ဝရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အာဆီယံ-ဂျပန် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ပို့ဆောင်ရေး စီမံဖွဲ့စည်းဆောင်ရွက်မှု စွမ်းရည်ပြည့်ဝရေး အလုပ်ရုံဆွေးနွေးပွဲ (The ASEAN-Japan Transport Logistics Workshop) ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဖေက အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံအစိုးရ (Ministry of Land, Infrastructure, Transport and Tourism) မှ Mr. Nobuaki Lida က နှုတ်ခွန်းဆက်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မော်လမြိုင်တက္ကသိုလ် ရှေးဦးပြုစုခြင်း သင်တန်းများ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် မော်လမြိုင်တက္ကသိုလ် အခြေခံ ရှေးဦးပြုစုခြင်းသင်တန်း အမှတ်စဉ်(၇/၂၀၀၉)နှင့် ရှေးဦးပြုစုခြင်း သင်တန်း အမှတ်စဉ်(၄/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်တွင် မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းသို့ မော်လမြိုင်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး မြင့်အောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ် အနောက်ပိုင်းခရိုင် ယာဉ်လိုင်းရုံး၌ အနောက်ပိုင်းခရိုင်အောက်ရှိ ယာဉ်လိုင်းများမှ ယာဉ်မောင်း ၇၀ အား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာမြားပစ်အဖွဲ့ ထိုင်းသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မြားပစ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာမြားပစ်အဖွဲ့သည် အဆိုပါပြိုင်ပွဲ၌ Compound အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် Recurve အမျိုးသားပြိုင်ပွဲ တစ်ဦးချင်းနှင့် အသင်းလိုက်ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကစားသမားကိုးဦးဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲနှင့်အတူ ဖေဖော်ဝါရီ ၂၁ ရက်၌ ကျင်းပမည့် အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ အာရှမြားပစ်အဖွဲ့ချုပ် ကောင်စီဝင်၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ တက်ရောက်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အမှုဆောင် ပညာရေးဝန်ကြီးဌာနမှ ဦးဝင်းကို (ညွှန်ကြားရေးမှူး၊ ပညာ)၊ အုပ်ချုပ်နည်းပြအဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ အား/ကာ)၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဒေါ်ကေသီ၊ အဖွဲ့အတွင်းရေးမှူးအဖြစ် ဦးသန်းကြိုင်၊ နည်းပြအဖြစ် ဦးအောင်သူရ၊ ကစားသမားများအဖြစ် Compound အမျိုးသား-ရဲမင်းဆွေ၊ ခင်မောင်ဝင်း၊ ပိုင်မြတ်သူ၊ အမျိုးသမီး-အောင်ငြိမ်း၊ လှလှစံ၊ တင်လှဝင်း၊ Recurve အမျိုးသား-ဇော်ဝင်းထိုက်၊ နေမျိုးအောင်နှင့် ရန်အောင်စိုးတို့ လိုက်ပါသွားကြသည်။

မြန်မာမြားပစ်အဖွဲ့မှာ လာမည့် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှု ရရှိရန် အကြိုပြင်ဆင်မှုအနေဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင်လည်း အောင်မြင်မှု ဆုတံဆိပ်ပေါင်းများစွာ ဆွတ်ခူးဖူးသည့် အစဉ်အလာကောင်းများ ရရှိထားဖူးကြောင်း သိရသည်။ (ကြေးမုံ)

ကြိုဆို နှုတ်ဆက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ် ဦးစီးချုပ် General Anupong Paojinda အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ လိုက်ပါလျက် ယနေ့နံနက် ၁၀နာရီ၂၅မိနစ်တွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်သို့သွားရောက်ပြီး လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြကာ ရတနာဆင်ဖြူတော်ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားရာ တိုင်းမှူး၊ တပ်မတော်အရာရှိများနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် ညနေ၃နာရီတွင် ပဲခူးမြို့ရှိ ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့ (၂)မှ အင်ဂျင်နီယာမှူးက မူလသံပေါင်တံတား နှစ်စင်းအနက်မှ ရေစုန်ဘက်ခြမ်းရှိ (CH) သံပေါင်တံတားအားဖြုတ်၍ သုံးလမ်းသွားတံတားတည်ဆောက်ပြီး ယာဉ်များဖြတ်သန်းခွင့်ပြုထားမှု အခြေအနေနှင့် ရေဆန်ဘက်ခြမ်းရှိ သံပေါင်တံတားအား သုံးလမ်းသွားတံတားအဖြစ် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုသည် တံတားဆောက်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူးက တံတားဟောင်းကြမ်းခင်းအားဖောက်၍ သံကူကွန်ကရစ်ဘိုးပိုင်တူးဖော်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ပဲခူး-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ် (၄၃/၇)ရှိ ထောက်ကြန့်-ပဲခူးခြောက်လမ်းသွားစီမံကိန်း လမ်းအသုံးပြုခ ဘီးခွန်ကောက်ခံရေးစခန်းသို့ရောက်ရှိကြရာ မက်စ်မြန်မာ ကုမ္ပဏီလီမိတက်မှ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက Toll Gate ဆောက်လုပ်ပြီးစီးမှုနှင့် လမ်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားသည်။

ဗိုလ်ချုပ်ကိုကိုသည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့ရှိ ဒေးဒရဲတံတားသို့ ရောက်ရှိပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အမြန်ရေယာဉ်ဖြင့် ဒေးဒရဲမြို့မှ ဆက်လက်ထွက်ခွာရာ တိုးစံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဒေဝင်ကုမ္ပဏီကဆောက်လုပ်နေသည့် နေအိမ်များ၌ လေဘေးသင့် ပြည်သူများ အခြေချနေထိုင်နေမှုနှင့် နေအိမ်အလိုက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် တိုးစံပြကျေးရွာအနီးရှိ တမာတကောရေငန်တားတာ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက စက်ယန္တရားကြီးများဖြင့် ပင်လယ်ရေငန်တားတာ ဆောက်ရွက်ပြီးစီးမှုနှင့် ကျွန်းပတ်တာကို အဖွဲ့များခွဲ၍ အပိုင်းလိုက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တမာတကော ရေငန်တားတာဆိုင်ရာ အချက်အလက်များ၊ ဧရာဝတီတိုင်း အတွင်း ကျွန်းပတ်တာနှင့် ရေငန်တားတမံများအကောင်အထည်ဖော် ဆောင်ရွက်မည့် အခြေအနေနှင့် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ လုပ်ငန်းလိုအပ်ချက်များကို တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဗိုလ်ချုပ်ကိုကိုက လိုအပ်သည်များကို မှာကြားကာ လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံ (Cyclone Shelter) ဆောက်လုပ်မည့် နေရာသို့ သွားရောက် ကြည့်ရှု စစ်ဆေးသည်။ ယင်းနောက် ရွှေတောင် ဖွံ့ဖြိုးမှု ကုမ္ပဏီမှ လက်ထောက်အင်ဂျင်နီယာက မြေနေရာရွေးချယ်ထားရှိမှုနှင့် ပစ္စည်းစုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကိုကိုက ပွင့်လင်းရာသီအတွင်း လုပ်ငန်းများ အမြန်အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကိုကိုနှင့် အဖွဲ့ဝင်များသည် တိုးစံပြကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ စာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် တိုးစံပြကျေးရွာမှဆက်လက်ထွက်ခွာရာ ကျိုက်လတ်မြို့နယ်ရှိ ဂုံညှင်းတန်းတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှု အခြေအနေများကိုမော်တော်ယာဉ်ဖြင့်ဖြတ်သန်း ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ပဲခူးမြို့ ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဘဒ္ဒန္တ အဂ္ဂဝံသ ပျံလွန်တော်မူ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ရပ်ကွက် ဝေဠုဝန်ကျောင်းတိုက်ကြီး၏နာယကဆရာတော် သိက္ခာတော် (၅၄)ဝါ သက်တော် (၇၄) နှစ်ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဝံသသည် (၁၃၇၀ ပြည့်နှစ် တပို့တွဲ လပြည့်ကျော် ၉ရက်) ယနေ့ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီ ၁၅မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်း ၂၀၀၉ ခုနှစ် (၆၂) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ ဗထူးကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်၌ ကျင်းပသည့် သတ္တမအကြိမ် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြပွဲပြိုင်ပွဲကို မြို့တော်ဝန်နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြပွဲပြိုင်ပွဲကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းကကြီးမှူး၍ စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကကြီးမှူးကျင်းပသော “မြန်မာအင်ဂျင်နီယာ တစ်ဦး ကြုံတွေ့ခဲ့ရသည့် ဂျပန်နိုင်ငံ” စာတမ်းဖတ်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ (Seminar Room)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် ဦးအောင်ဆွေ [B.E (Civil) Tokyo University (1965),M.E (Civil) Tokyo University (1967), Registered Engineer (Construction Management and Supervision(1969), Registered Consulting Engineer (Civil Works) (1992)] က စာတမ်းဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၁၉၆၇၃-၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူ PSB Academy မှ စကောလားရှစ်နှင့် ပညာသင်စရိတ်များ ပေးအပ်ချီးမြှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

PSB Academy သည် နိုင်ငံတကာအသိအမှတ်ပြုပညာရေး အစီအစဉ်များကို ကမ္ဘာကျော်ထိပ်တန်းတက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေသည့် စင်ကာပူနိုင်ငံ၏ အကြီးမားဆုံး Education Provider ဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ နိုင်ငံတကာကျောင်းသားများ အပါအဝင် နှစ်စဉ် ကျောင်းသား ၅၀၀၀၀ နီးပါးကို သင်ကြားပို့ချပေးလျက်ရှိသည်။

PSB Academy မှ စကောလားရှစ်နှင့် ပညာသင်စရိတ်များကို စီးပွားရေးဘာသာရပ် (CALIFORNIA STATE UNIVERSITY, LONG BEACH, USA)(CSULB) သင်တန်းသို့တက်ရောက်ရန် စိတ်ပါဝင်စားသော ပြည်တွင်းကျောင်းသားများနှင့်နိုင်ငံတကာကျောင်းသားများအား ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး ပုံမှန်လေးနှစ်သင် ဘွဲ့ဒီဂရီကို သုံးနှစ်ခွဲဖြင့် အပြီးတက်ရောက်သင်ယူရမည်ဖြစ်သည်။

မြန်မာကျောင်းသားများအတွက် စင်ကာပူဒေါ်လာ ၁၀၀၀၀ တန် ပညာသင်စရိတ် ၅၀ နှင့် စင်ကာပူဒေါ်လာ ၂၀၀၀၀ တန် ပညာသင်ထူးချွန်ဆု ၃၀ တို့အတွက် စုစုပေါင်း ၁ဒသမ၁ သန်းဖိုးခန့်ကို ပေးအပ်မည်ဖြစ်သည်။

PSB Academy သည် ကျောင်းသား၊ ကျောင်းသူများအား ၎င်းတို့ရည်ရွယ်ထားသော သင်ကြားမှုနယ်ပယ်တစ်ခုအတွင်း၌မဟုတ်ဘဲ ကျယ်ပြန့်သော ဗဟုသုတအတွေ့အကြုံ ရနိုင်စေရန် စီစဉ်သင်ကြားပေးသကဲ့သို့ ကျောင်းသားများ၏ ရည်မှန်းချက်လမ်းကြောင်းကို မောင်းနှင်ရာတွင် ၎င်းတို့နည်းတူ အခြားတက္ကသိုလ်ဘွဲ့ရ အရည်အသွေးတူများထက် ခြေလှမ်းသာစေရန် စီစဉ်သင်ကြားပေးသည်။

စကောလားရှစ် နှင့်အပ်ချီးမြှင့်ပေးမည့် အသေးစိတ်အစီအစဉ်များနှင့် စပ်လျဉ်းသည့် အထူးပညာပေးဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၁ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိ၊ ညနေ၃ နာရီခွဲမှ ၄ နာရီခွဲအထိနှင့် ညနေ ၅ နာရီ မှ ၆ နာရီအထိ သုံးချိန်ခွဲ၍ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ပုဂံခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်သည်။

စကောလားရှစ်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းလိုသူများအနေဖြင့် အဆိုပါ ဆွေးနွေးပွဲများတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် ယင်းဟိုတယ်၏ ပုဂံနှင့်တောင်ငူခန်းမများ၌ စကောလားရှစ် အရည်အချင်းစစ်စာမေးပွဲကိုဖြေဆိုရမည်ဖြစ်သည်။ စကောလားရှစ်စာမေးပွဲအတွက် အင်္ဂလိပ်ဘာသာ တစ်မျိုးတည်းကိုသာ ဖြေဆိုရမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် ဘွဲ့ကြို၊ ဘွဲ့ရများ ဝင်ရောက်ဖြေဆိုနိုင်သည်။

PSB Academy သည် ၂၀၀၉ ခုနှစ် ပညာသင်နှစ်၏ အထူးအစီအစဉ်အနေဖြင့် စကောလားရှစ်စာမေးပွဲဝင်ရောက်ဖြေဆိုသော်လည်း စကောလားရှစ်ရွေးချယ်ချီးမြှင့်ခြင်းမခံရသော ကျောင်းသား၊ ကျောင်းသူများအား CSULB Programme သို့ တက်ရောက်လိုပါက ပညာသင်စရိတ် စင်ကာပူဒေါ်လာ ၁၀၀၀၀ ကို လျှော့ထားရယူတက်ရောက်နိုင်သည်။ စကောလားရှစ် ဝင်ရောက်ရွေးချယ်ခံဖြေဆိုလိုသူ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် Overseas Education Channel (AT & S Co., Ltd.) အဆောင် (၅) အခန်း (၄) မြန်မာ အင်ဖိုတက် လှိုင်မြို့နယ် ဖုန်း-၆၅၂၂၈၈၊၆၅၂၃၂၀၊ ၆၅၂၂၅၈ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိုင်းမှူးများနှင့်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဂွမြို့၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် ဂွမြို့ အောင်မင်္ဂလာခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးများ၊ ဝန်ကြီးနှင့် အလှူရှင်များက ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေကျပ်သိန်း ၅၀၊ ဂွမြို့မှ တောင်ဘက်သို့သွားသောလမ်းပိုင်းရှိ တံတားများ ပြုပြင်ရန်အတွက် ငွေကျပ် ၅၂ သိန်းနှင့် သစ်တန် ၂၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်တို့သည် ဂွမြို့ ရဟိုင်ကတို့ရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဝန်ကြီးနှင့် အလှူရှင်တို့က ငွေကျပ် ၁၀ သိန်းနှင့် ဘိလပ်မြေ၊ သစ်နှင့် သံတို့ကို ပေးအပ်လှူဒါန်းကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျိန္တလီမြို့သို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ အလှူငွေကျပ် ၅၂ သိန်းနှင့် သွပ်၊ သစ်နှင့် ဘိလပ်မြေအိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ဂွမြို့ အောင်မင်္ဂလာခန်းမတွင် ဒေသခံရပ်မိရပ်ဖများ၊ဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား အမှာစကားပြောကြားစဉ်။ (သစ်တော)

အထက(၄) သဃ်န်းကျွန်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အထက(၄) (ယခင် အလက-၁) သဃ်န်းကျွန်းတွင် ၁၉၈၅ မှ ၂၀၀၈ အထိ ပညာသင်ကြားပေးခဲ့ကြသော အသက် (၆၀)ပြည့် အငြိမ်းစား ဆရာ၊ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၂ ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

သီးခြားဖိတ်စာ ပေးပို့ခြင်းမရှိပါ၍ အဝေးရောက် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးလှကြည် (ကျောင်းအုပ်ဆရာကြီး) ဖုန်း-၅၇၇၉၀၈၊ ဦးအောင်မြင့်သူ ဖုန်း-၅၇၂၃၉၃၊ ဦးစိုးသူ ဖုန်း-၀၉၅၀ ၇၈၈၅၈၊ ဦးလမင်းထွန်း ဖုန်း-၀၉၅၁ ၀၉၉၄၁၊ ဦးသာနိုးသိန်း ဖုန်း-၅၇၀၄၀၃၊ဒေါ်ရှုပါခင် ဖုန်း-၀၉၅၁ ၆၄၈၂၆၊ ဒေါ်ခင်မာညို ဖုန်း-၀၉၅၀ ၁၂၆၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

အထက(၂)လမ်းမတော် (ယခင်မြမာလာ)ကျောင်း၌ ပညာသင်ကြားခဲ့သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၂ ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

အသက် ၆၀ ပြည့် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်ပါဝင်လှူဒါန်းလိုသူများသည်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊၀၉၈၅၁၆၁၉၉၊ ဒုဥက္ကဋ္ဌ ဦးကံကောင်းဖုန်း-၀၉၉၉၉၃၅၂၈၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၂၄၅၀၉၆၊ ၀၉၈၀၃၀၂၆၁၊ အဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၃၈၀၄၀၁၊ အဖွဲ့ဝင် ဦးစိန်ဝင်း ဖုန်း- ၂၂၂၂၆၇ နှင့် ကျောင်းအုပ်ဆရာကြီး အထက(၂) လမ်းမတော်တို့ထံတွင် လှူဒါန်းနိုင်သည်။

(ကြေးမုံ)

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ကော့မှူးမြို့နယ် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဖေဖော်ဝါရီ ၇ ရက်တွင် ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ကော့မှူး-ထန်းမနိုင်-မဝန်း-ဝါးဘလောက်သောက် ကျေးရွာချင်းဆက် ကျောက်ချောလမ်းနှင့် ယင်း လမ်းပေါ်ရှိ သစ်သားတံတားများ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ယင်းနောက် ညွှန်ကြားရေးမှူးသည် ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော အရှည် ပေ ၅၂၈၀၊ အကျယ် ၁၈ ပေရှိ ဝါးဘလောက်သောက်- ကမာပတ် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လမ်းဘေးဝဲယာ၌ အရိပ်ရပင်များ စိုက်ပျိုးရေး၊ လမ်းဘေးရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရေး၊ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက်မြေသားလမ်းများကို ကျေးရွာအနှံ့ လမ်းကွန်ရက်သဖွယ် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ဖောက်လုပ်သွားရေးတို့ကိုမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့မျက်မှန်အရောင်းဆိုင်သစ် နေပြည်တော် သပြေကုန်းဈေး၌ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းမှ အငြိမ်းစား မျက်မှန်ကျွမ်းကျင် ပညာရှင်များဦးစီးသော နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန်(Myanmar Optic) အရောင်းဆိုင်ကို ရန်ကုန်မြို့ ရွှေဘုံသာ(အလယ်လမ်း) အမှတ် (၂၃၃/၂၃၅)တွင် ဖွင့်လှစ်ထားရှိသည့်အပြင် နေပြည်တော် သပြေကုန်းဈေးကြီး၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ မှယခုအခါ နေပြည်တော်နေ ဝန်ထမ်းနှင့် မိသားစုများ၊ ဒေသခံပြည်သူများအား ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် နေပြည်တော် သပြေကုန်း ဈေးပွဲရုံတန်း ပွဲရုံအမှတ် (ပ/၁၄) သို့ ပြောင်းရွှေ့၍ ဖေဖော်ဝါရီ ၁၂ရက်တွင် စတင်ဖွင့်လှစ်ထားသည်။

မြန်မာ့မျက်မှန် အရောင်းဆိုင်တွင် နှစ်ရှည်အသုံးပြုနိုင်သော မျက်စိကပ်မှန် (Daily Used)များ၊ အဝေးကြည့်၊ အနီးကြည့်မျက်မှန်များ၊ နေကာမျက်မှန်များကို နိုင်ငံခြားဖြစ် ကိုင်းမျိုးစုံဖြင့် သုံးစွဲသူများ၏ လိုအပ်ချက်နှင့်အညီ မျက်စိအထူးကုဆရာဝန်နှင့် မျက်မှန်ကျွမ်းကျင်သူ ပညာရှင်များက တိကျမှန်ကန်စွာ စမ်းသပ်စစ်ဆေးပေးမည်ဖြစ်ပြီး မျှတမှန်ကန်သော ဈေးနှုန်း၊ နိုင်ငံတကာ အဆင့်မီသော အရည်အသွေး၊ သန့်ရှင်းသေသပ်သော လက်ရာများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် မျက်စိအထူးကုဆရာဝန်ဖြင့် မျက်စိစမ်းသပ်စစ်ဆေးကုသမှုများကိုပါ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့အတူ နေပြည်တော်ရှိရုံး၊ ဌာနများသို့လည်း လှည့်လည်၍ မျက်စိစမ်းသပ်ခြင်း၊ ကိုက်ညီသောမျက်မှန်များ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းမှ အငြိမ်းစား မျက်မှန်ကျွမ်းကျင်ပညာရှင်များ ဦးစီးသော နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန် Myanmar Optic အရောင်းဆိုင်ကို နေပြည်တော် သပြေကုန်းဈေး ပွဲရုံတန်း ပွဲရုံအမှတ် (ပ/၁၄)တွင် ဖွင့်လှစ်ထားရှိစဉ်။

(သတင်းစဉ်)

မီးဘေးရှောင်
မလောင်ခင်တား

ဇန်နဝါရီ ၂၅ ရက်က မုံရွာမြို့ နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြသလ္လာဈေးအတွင်း ဈေးပိုင် အပေါ့စား မီးသတ်စက်ဖြင့် မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်မှုကို တိုင်းမီးသတ်ဦးစီးမှူး ဦးအောင်မြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖျာပုံမြို့နယ် မြို့မဈေးကြီး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဖေဖော်ဝါရီ ၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင်၊ ခရိုင် မီးသတ်ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးသန်းနိုင်နှင့် အမှုဆောင်အရာရှိ ဦးမြင့်မောင်တို့ ကြပ်မတ်ဆောင်ရွက်စဉ်။

(၃၈၃)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
- ၄း၃၀ ၇။ အေးမြသော လေညင်းကလေးများ
- ၄း၄၀ ၈။ ၂၀၀၉ခုနှစ်၊ တက္ကသိုလ် ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ(ဘောဂဗေဒ)
- ၅း၁၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၂၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ **ကာတွန်းအစီအစဉ် -လူစွမ်းကောင်းလေး လူဆာ (အပိုင်း-၂၃)**
- ၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြီးမြတ်သူတို့နှလုံးသား (အပိုင်း-၂၄)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၁။ ကုန်သွယ်သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ် (အပိုင်း -၂၁)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သောရွှေပြားနှင့် ကျောက်ပြားများအား လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ **“ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး”**အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင်ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့်အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့်ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁)	ငှက်ပျောဖူးတော်တွင် ကပ်လှူရန် ရွှေပြား(၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ် ကျပ်	၁၆၂၀၀၀၀ နှုန်း
(၂)	ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ(၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ် ကျပ်	၅၈၀၀၀၀ နှုန်း
(၃)	ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ် ကျပ်	၂၂၀၀၀ နှုန်း
(၄)	စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ် ကျပ်	၁၃၀၀၀ နှုန်း
(၅)	မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ် ကျပ်	၁၃၀၀၀ နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် “ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ” အတွင်းရေးမှူး ဖုန်း- ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၁၉ ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်း တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။

ဥတု ရာသီ တောကို မှီ၏

ဆုချီးမြှင့်

ရွှေပြည်သာမြို့နယ် အမက(၃၉)၏ ၂၀၀၇ - ၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ တတိယတန်းတွင် ဘက်စုံထူးချွန်ဆုရရှိသော မနှင်းအိရွှေရည်အား ကျောင်းအုပ်ဆရာကြီး ဦးစောမြတ်လှိုင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှေ့မှ စတင်တာထွက်မည်ဖြစ်ပြီး ဝေဇယန္တာလမ်းမှတစ်ဆင့် အမှတ်(၃) လမ်းမကြီးအတိုင်း ထောက်ကြန့်၊ လှည်းကူး၊ ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ စစ်တောင်းတံတားအသစ်မှ ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်၍ ညအိပ်ရပ်နားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ကျိုက်ထိုအားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့ ကမ်းနားလမ်းအတိုင်း စီးနင်း၍ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း အကောက်ခွန်ရုံးရှေ့မှ ပေါင်၊ သထုံ၊ ဘီးလင်းလမ်းကြောင်းအတိုင်း ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျိုက်ထို-စစ်တောင်းတံတားအသစ်၊ ဝေါ၊ ဘုရားကြီး၊ ပဲခူး၊ ထောက်ကြန့်လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်၍ ထောက်ကြန့်ကွန်းအမှတ်(၂၃)၌ ပန်းဝင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ညနေ ၃ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မိုင် ၃၈၀ ခရီးရှည် စက်ဘီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ဒလမြို့နယ်အတွင်း စက်ယန္တရားများဖြင့် ကျေးရွာချင်းဆက်လမ်းအူကြောင်းဖော်လုပ်မှုကို ကြည့်ရှုစစ်ဆေး မှာကြားစဉ်။ (၁၉)

ဒလမြို့နယ်အတွင်း ကျေးရွာများဖွံ့ဖြိုးရေး ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်အတွင်းရှိ ကျေးရွာများ ပိုမိုဖွံ့ဖြိုးရေးကိစ္စရပ်များကို သွားရောက်ကြည့်ရှု စစ်ဆေးဆောင်ရွက်သည်။

ရှေးဦးစွာ မြို့တော်ဝန်သည် ဒလမြို့နယ် ခနောင်တံတားချောင်းနှင့် ခနောင်ခနိတောကျေးရွာတို့သို့ ရောက်ရှိပြီး ခနောင်တံတားချောင်း ကျေးရွာနှင့် ခနောင်ကျေးရွာအုပ်စုတို့သို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းအူကြောင်း အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ကျေးရွာရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

ဆက်လက်၍ မြို့တော်ဝန်သည် ခနောင်ရှမ်းစုကျေးရွာသို့ သွားရောက်ပြီး ဒလမြို့ ကနောင်လမ်းမကြီးနှင့် ခနောင်ကျေးရွာအုပ်စု ခုနစ်ရွာသို့ ရွာချင်းဆက်မြေသားလမ်းကြောင်းအား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရွာချင်းဆက်မြေသားလမ်းသည် လမ်းအရှည်ပေ ၁၂၃၈၀၊ အကျယ် ၁၄ ပေနှင့် လမ်းသားအမြင့် ခြောက်ပေရှိပြီး လမ်းဝဲယာ တစ်ဖက်တစ်ချက်တို့တွင် အကျယ် ၁၂ ပေရှိ ရေနုတ်မြောင်းနှစ်ခု ပါရှိသည်။ ခနောင်ကျေးရွာအုပ်စုရှိ ကျေးရွာနေပြည်သူများသည် ယခင်က ရေလမ်းတစ်ခုတည်းကိုသာ အားကိုးခဲ့ရပြီး ခနောင်ချောင်း ရေတက်ချိန်မှသာ ကူးလူးဆက်သွယ်သွားလာနိုင်ခဲ့ရာမှ ယခုဖောက်လုပ်လျက်ရှိသည့် မြေသားလမ်းဖောက်လုပ်ပြီးစီးပါက အချိန်မရွေး ရာသီမရွေး တစ်နေရာနှင့် တစ်နေရာ၊ တစ်ရွာနှင့်တစ်ရွာသို့ လွယ်ကူစွာသွားလာနိုင်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အဆိုပါမြေသားလမ်းအား မြေသားသိပ်သည်းမှုရှိရန် တစ်နှစ်ထားရှိပြီး ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်ပေးမည်ဖြစ်သည်။

ထို့နောက် မြို့တော်ဝန်သည် ဒလမြို့နယ် ခနောင်ရှမ်းစုကျေးရွာတွင် ခနောင်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့တော်ဝန်က ခနောင်ချောင်းဝကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် ခနောင်ရှမ်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့အတွက် စာရေးစားပွဲနှင့် စာသင်ခုံများကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူကြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ခနောင်ချောင်းဝကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုနှင့် ကျောင်းဆောင်များ၏ အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မြို့တော်ဝန်သည် ခနောင်ကျေးရွာအုပ်စုအတွင်း သောက်သုံးရေ ရရှိသုံးစွဲမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၁၉)

အမက(၂၃) သာကေတ မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်စောက ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မမေဖြိုးသီရိစံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

တာမွေမြို့နယ်၏ ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေး အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုလှအား ခရိုင်ကျောင်းကျန်းမာရေးစံပြကျောင်း ပထမဆု ချီးမြှင့်စဉ်။ (ပညာရေး)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နေပြည်တော်ဟိုတယ်ဇုန်မှ မော်တော်ယာဉ်များဖြင့် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဧည့်သည်တော်ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာသွားကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး ဆက်လက်လည် ပတ်ရန်သွားရောက်မည့် ထိုင်းနိုင်ငံ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda အား နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ပျဉ်းမနားတွင် ၂၅-၃-၂၀၀၅ ရက်က ဖွင့်လှစ်ခဲ့ပြီး မဂ္ဂါဝပ် ၇၀ စက်တပ်ဆင်အင်အား လေးလုံးဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လွှတ်ပေးနေသော ပေါင်းလောင်းရေလှောင်တမံကို တွေ့ရစဉ်။

သတင်းမှတ်စု-ခင်မောင်သန်း(စက်မှု)

ပေါင်းလောင်းရေလှောင်တမံကို လယ်မြေဧက ၃၅၀၀၀ခန့်အား ဆည်ရေပေးဝေနိုင်ရန်နှင့် မြေအောက်ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ ထုတ်လုပ်နိုင်သည့် စက်တပ်ဆင်အင်အား လေးလုံးဖြင့် မဂ္ဂါဝပ် ၂၈၀ ထုတ်လွှတ်ပေးနိုင်သည့်အပြင် ပေါင်းလောင်း မြစ်ရေကြီးမှုကို ကာကွယ်ပေးနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။

ယခုအခါ ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံမှ နှစ်စဉ်ပျမ်းမျှထုတ်လုပ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၉၁၁ ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ ပေါင်းလောင်းရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေမည့် အစီအစဉ်တွင် ပေါင်းလောင်းရေလွှဲဆည်မှတစ်ဆင့် လက်ဝဲတူးမြောင်းမကြီးနှင့် လက်ယာတူးမြောင်းမကြီးများမှနေ၍ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် ရေတာရှည်မြို့နယ်များသို့ စိုက်ပျိုးရေ ပေးဝေသွားမည်ဖြစ်သည်။

ယနေ့ ကြေးမုံ ပြည်တွင်း သတင်း၊ ဆောင်းပါး အညွှန်း

"မိမိပါတီရဲ့ အကျိုးစီးပွားအတွက် ဆန့်ကျင်ပုတ်ခတ် တောင်းဆိုကြရာကနေ ပြည်သူကိုပါ စည်းရုံးသွေးထိုးလှုံ့ဆော်လာတဲ့ အနေအထားထိ နယ်ကျွံလာတာကို ကျွန်တော်တို့ သတိပြုမိပါတယ်"

ကျော်ရဲမင်း၏ *(ဆောင်းပါး)* စာမျက်နှာ(၅)

"(၁၃)ကြိမ်မြောက် အာဆီယံ သဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံသဘာဝဘေး စီမံခန့်ခွဲရေးကော်မတီ+၃ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနား"

***(သတင်း)* စာမျက်နှာ(၈)**

"ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲ ဖေဖော်ဝါရီ ၂၃ ရက်တွင် တာထွက်ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ပန်းဝင်မည်"

***(အားကစားသတင်း)* စာမျက်နှာ(၁၁)**